# ‘ပြည်ကြီးဝန်ကို အိုးတန်ဆန်ခပ်…’

## ULA/AA ၏ စီမံအုပ်ချုပ်မှုနှင့် နယ်မြေစိုးမိုးမှုအလွန် စိန်ခေါ်ချက်များ

၂၀၂၆ ခုနှစ် ဩဂုတ်လ



PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

## မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

---

**‘ပြည်ကြီးဝန်ကို အိုးတန်ဆန်ခပ်…’ ULA/AA ၏ စီမံအုပ်ချုပ်မှုနှင့် နယ်မြေစိုးမိုးမှုအလွှန် စိန်ခေါ်ချက်များကို** ၂၀၂၆ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar)က ထုတ်ဝေပါသည်။ ISP-Myanmar က အထူးပြုလေ့လာနေသော သုတေသနနယ်ပယ်များနှင့် ဆက်စပ်မှုများအား အခြေပြု၍ (၁) Tracker (၂) Situation Brief (၃) Policy Brief (၄) ISP OnPoint (၆) The State of Myanmar (၇) ‘ISP နှင့်အတူ မိနစ် ၃၀’ ဆွေးနွေးမှုအစီအစဉ် စသည်တို့ကိုလည်း စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိနေပါသည်။ အဆိုပါထုတ်ဝေမှုများအား ISP-Myanmar ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# ‘ပြည်ကြီးဝန်ကို အိုးတန်ဆန်ခပ်...’[၁]

## ULA/AA ၏ စီမံအုပ်ချုပ်မှုနှင့် နယ်မြေစိုးမိုးမှုအလွန် စိန်ခေါ်ချက်များ

၂၀၂၆ ခုနှစ် ဩဂုတ်လ

---

**ကျမ်းကိုး** - ဦးသာညွန့်။ (၁၉၇၃) *ရှေးခေတ် ရခိုင်ပြည်အုပ်ချုပ်ရေးစနစ် ဟောပြောချက်*၊ ရန်ကုန်။
အရှင်စက္ကိန္ဒနှင့် အရှင်ဝါသဝ။ (၁၉၉၆) *ဥပမာစုံ ရခိုင်စကားပုံ*၊ ရန်ကုန်၊ ရခိုင်သားကြီးစာပေ။

၁ ယခုဆန်းစစ်ချက်ခေါင်းစဉ်တွင်ပါရှိသော **‘ပြည်ကြီးဝန်ကို အိုးတန်ဆန်ခပ်...’** စကားရပ်အပြည့်အစုံမှာ **‘ပြည်ကြီးဝန်ကို အိုးတန်ဆန်ခပ်၊ မင်းကျင့်ဝတ်နှင့် လျောက်ပတ်သင့်စွာ စီရင်ရာသည်’** ဟူ၍ ဖြစ်ပါသည်။ ထိုစကားရပ်သည် ရခိုင်ရာဇာပျို့ပါ မင်းကျင့်တရားဆိုင်ရာ အဆိုအမိန့်ဖြစ်ပြီး ကြီးမားသော နိုင်ငံတော်တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ တန်ရာတန်ဖိုး၊ အိုးနှင့်ဆန်ခပ်မျှတသကဲ့သို့ မင်းကျင့်တရားနှင့်အညီ သင့်မြတ်လျောက်ပတ်စွာ စီမံအုပ်ချုပ်ရမည်ဆိုသည့် အဓိပ္ပာယ်သက်ရောက်ကြောင်း ဦးသာညွန့်၏ **‘ရှေးခေတ် ရခိုင်ပြည်အုပ်ချုပ်ရေးစနစ်’** ဟောပြောချက် (၁၉၇၃) တွင် ပါရှိခဲ့သည်။ ထို့အတူ အရှင်စက္ကိန္ဒနှင့် အရှင်ဝါသဝတို့က ၁၉၈၆ ခုနှစ်တွင် ရေးသားပြုစုခဲ့ပြီး ၁၉၉၆ ခုနှစ်၌ ထုတ်ဝေခဲ့သော **‘ဥပမာစုံ ရခိုင်စကားပုံ’**စာအုပ်တွင်လည်း ပါရှိသည်။ မြန်မာမှုနယ်ပယ်တွင် အထင်ကရဖြစ်သော **‘စကားကြီး ဆယ်မျိုး’** စာရင်း၌လည်း **‘အိုးတန်ဆန်ခပ်’** စကားပြောဆိုနည်းပါရှိပြီး၊ အိုးနှင့်ဆန် တန်ရုံထည့်၍ချက်လျှင် ကောင်းစွာကျက်နပ်သကဲ့သို့ ကိုယ်နှင့်ဂုဏ်အင်တန်ရုံ မယုတ်မလွန်ပြောဆိုခြင်းဖြင့် လိုရင်းရောက်အောင် ပြုမူခြင်းအား ရည်ညွှန်းပါသည်။

# မာတိကာ


| | | |
|---|---|---|
| | အနှစ်ချုပ် | ၆ |
| ၁။ | နိဒါန်း<br>ရည်ရွယ်ချက်နှင့် သုတေသနနည်းနာ | ၇ |
| ၂။ | ULA/AA ၏ အင်စတီကျူးရှင်းနှင့် အုပ်ချုပ်ရေးယန္တရားပုံစံ<br>၂.၁။ အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ (APRG)<br>၂.၂။ အုပ်ချုပ်ရေးလုပ်ငန်း | ၉ |
| ၃။ | လုံခြုံရေးလုပ်ငန်းများနှင့် တရားစီရင်ရေးလုပ်ငန်းများ<br>၃.၁။ လုံခြုံရေး<br>၃.၂။ တရားစီရင်ရေး<br>၃.၃။ ဥပဒေပြုရေး<br>၃.၄။ တရားစီရင်ရေးအပေါ် ပြည်သူလူထု၏အမြင် | ၁၇ |
| ၄။ | ဘဏ္ဍာရေးလုပ်ငန်းများ<br>၄.၁။ အခွန်ကောက်ခံမှု<br>၄.၂။ စီးပွားရေးလုပ်ငန်းများ | ၂၁ |
| ၅။ | လူထုဝန်ဆောင်မှုလုပ်ငန်းများ<br>၅.၁။ ထိန်းချုပ်နယ်မြေများရှိ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ<br>၅.၂။ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ | ၂၅ |
| ၆။ | အမျိုးသမီးများအပေါ် သက်ရောက်မှု | ၂၉ |
| ၇။ | အုပ်ချုပ်ရေးယန္တရားအပေါ် လူထုအကဲဖြတ်ချက် | ၃၁ |
| ၈။ | နိဂုံး | ၃၃ |

# အနှစ်ချုပ်

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော် (ULA/AA) ဟာ အုပ်ချုပ်ရေးယန္တရားတခုကို တဖြည်းဖြည်း တည်ဆောက်နေပါတယ်။ ပုံစံခွက်ကျ တည်ဆောက်လည်ပတ်တာမျိုးထက် အရင်းအမြစ်နဲ့ နိုင်ငံရေး ပေးထားချက်တွေအပေါ် အခြေခံပြီး **‘တဆင့်ချင်း စမ်းသပ်တည်ဆောက်တဲ့ပုံစံ’**ကို တွေ့ရပါတယ်။ ကျေးလက်ဒေသတွေမှာ အုပ်ချုပ်ရေးလုပ်ငန်းတွေ ဖော်ဆောင်နိုင်ပြီးနောက်ပိုင်း **‘ရက္ခိုင်ပြည်သူ့အာဏာပိုင်အဖွဲ့’**ကို ဖွဲ့စည်းပြီး နယ်မြေစိုးမိုးမှုကို အုပ်ချုပ်ရေးအာဏာအဖြစ် အသွင်ပြောင်းလဲခဲ့ပါတယ်။ ယာယီ အပစ်ရပ်ကာလကို မဟာဗျူဟာကျကျ အသုံးချပြီး ဒေသန္တရအုပ်ချုပ်ရေး၊ လုံခြုံရေးနဲ့ တရားစီရင်ရေးယန္တရားတွေ ခိုင်မာအောင် တည်ဆောက်ခဲ့ပါတယ်။ နောက်ပိုင်း အစိုးရတရပ်ဖွဲ့စည်းပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း တာဝန်ယူဆောင်ရွက်ရင်း အဖွဲ့အစည်းရဲ့ နိုင်ငံရေးတရားဝင်မှုကို မြှင့်တင်ခဲ့ပါတယ်။ အချိန်တိုအတွင်း ခရိုင်ရှစ်ခု လည်ပတ်နိုင်တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ လက်ရှိမှာတော့ အင်စတီကျူးရှင်းစနစ် ခိုင်မာအားကောင်းရေး တည်ဆောက်နေတဲ့ ကာလလို့ ဆိုနိုင်ပါတယ်။ တပါတီ စီမံအုပ်ချုပ်ရေးစနစ်ကို လက်တွေ့ကျင့်သုံးနေပြီး ပါတီက စစ်ရေး၊ နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးရဲ့ ဗဟိုချက်မအဖြစ် ရှိနေပါတယ်။ ပါတီရဲ့ နိုင်ငံရေးလမ်းစဉ်အောက်ကနေ လည်ပတ်ရတဲ့အတွက် **‘ပါတီရဲ့ဆုံးဖြတ်ချက်တွေက နိုင်ငံတော်ရဲ့အမိန့်’** ဖြစ်လာမယ့်ပုံစံကို အသက်သွင်းထားပါတယ်။ အင်စတီကျူးရှင်းစနစ် ခိုင်မာအားကောင်းလာတာ တချို့ကို သိသိသာသာမြင်ရပေမဲ့ စိန်ခေါ်မှုတွေရှိနေဆဲဖြစ်ပါတယ်။ စစ်ရေးမတည်ငြိမ်မှု၊ အရင်းအမြစ်ရှားပါးမှုနဲ့ လုပ်ကိုင်နိုင်စွမ်းအကန့်အသတ်တွေလည်း ရှိနေပါတယ်။ အုပ်ချုပ်သူတွေရဲ့ လက်တွေ့ဝန်ဆောင်မှုပေးနိုင်စွမ်းနဲ့ မျှော်လင့်ချက်ကြီးတဲ့ ရခိုင်လူထုအကြား ကွာဟချက်တွေရှိလာတာကို ဖြေရှင်းနိုင်ရေးက လက်ငင်းစိန်ခေါ်ချက်တရပ်ဖြစ်နေပါတယ်။ အဲဒါတွေကို အချိန်မီမဖြေရှင်းနိုင်ရင် ULA/AA ရဲ့ နိုင်ငံရေး မျှော်မှန်းချက်နဲ့ လက်ရှိကြိုးပမ်းချက်တွေအပေါ် မေးခွန်းထုတ်လာနိုင်ပါတယ်။ အဖွဲ့အစည်းနဲ့ လူထုကြား လူမှုပဋိညာဉ်ပျက်ယွင်းမှုလည်း ကြုံရနိုင်ပါတယ်။ ဒါ့အပြင် အနာဂတ်အစိုးရတရပ်ဖြစ်ဖို့ လုံခြုံထိရောက်တဲ့ အုပ်ချုပ်ရေးနဲ့ လူမှုဝန်ဆောင်မှုပေးရေးတွေ ပိုပြီးအားကောင်းဖို့ လိုအပ်နေပါတယ်။

## ၁

# နိဒါန်း

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော် (ULA/AA) ရဲ့ အုပ်ချုပ်ရေး တည်ဆောက်လည်ပတ်နေမှုကိုကြည့်ရင် အရင်းအမြစ်၊ နိုင်ငံရေးနဲ့ ပဋိပက္ခ စတဲ့ ပေးထားချက်တွေကို အခြေခံပြီး **‘တဆင့်ချင်းတည်ဆောက်နေတဲ့ လမ်းကြောင်း’**ကို မြင်ရပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်လောက်ကစပြီး ရခိုင်ပြည်နယ် ကျေးလက်ဒေသအများအပြားမှာ အုပ်ချုပ်ရေး၊ လုံခြုံရေးနဲ့ တရားစီရင်ရေးလုပ်ငန်းတွေကို စတင် ဖော်ဆောင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ **‘ရက္ခိုင်ပြည်သူ့အာဏာပိုင်အဖွဲ့’**ကို ဖွဲ့စည်းပြီး အခြေခံအုပ်ချုပ်ရေးနဲ့ လုံခြုံရေးလုပ်ငန်းတွေကို လည်ပတ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ မြန်မာစစ်တပ်နဲ့ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းနဲ့ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းကာလနောက်ပိုင်းတွေမှာ အုပ်ချုပ်ရေးယန္တရားကို ပိုမိုတိုးချဲ့ဆောင်ရွက်ခဲ့တယ်။ နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်တဲ့ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) ကနေတဆင့် **‘အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ’**[၂] ကို ဖွဲ့စည်းပြီး အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာအောင် တည်ဆောက်ခဲ့သလို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကိုပါ တပါတည်းလုပ်ဆောင်လာခဲ့တယ်။ ‘စစ်ဆင်ရေး ၁၀၂၇’ နောက်ပိုင်း နယ်မြေစိုးမိုးမှု ပိုပြီးကျယ်ပြန့်လာပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အပါအဝင် မြို့နယ် ၁၅ ခုကို စစ်ရေးအရ သိမ်းယူခဲ့ပါတယ်။ တချိန်တည်းမှာပဲ ဒီဒေသတွေမှာ အုပ်ချုပ်ရေးယန္တရားနဲ့ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေ လည်ပတ်နိုင်အောင် တည်ဆောက်လုပ်ကိုင်နိုင်ခဲ့ပါတယ်။ ULA/AA အနေနဲ့ စစ်ရေးအောင်ပွဲတွေကတဆင့် မျှော်ရည်ထားတဲ့ နိုင်ငံရေးရည်မှန်းချက်တွေဆီ ဘယ်လောက် လက်တွေ့ကျကျ ပြောင်းလဲနိုင်လဲဆိုတာ အဓိကဆန်းစစ်ရမယ့် မေးခွန်း ဖြစ်လာပါတယ်။ ဒါကြောင့် လက်ရှိတည်ဆောက်လည်ပတ်နေတဲ့ အုပ်ချုပ်ရေးယန္တရားရဲ့ အင်စတီကျူးရှင်းစနစ် ခိုင်မာအားကောင်းမှုနဲ့ လူမှုဝန်ဆောင်မှုပေးနိုင်စွမ်းကို သုံးသပ်ဖို့ လိုအပ်လာပါတယ်။

၂ ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် ‘အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ’ဟု ပြောဆိုသုံးနှုန်းလာသည်ကို တွေ့ရသည်။ ULA/AA ၏ ကြေညာချက်ကို လင့်ခ်တွင်ကြည့်ပါ - https://www.arakanarmy.net/post/statement-11?utm_source

# ရည်ရွယ်ချက်နှင့် သုတေသနနည်းနာ

၂၀၂၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီအထိ ULA/AA ရဲ့ အုပ်ချုပ်ရေး တည်ဆောက်လည်ပတ်ပုံကို လေ့လာဖို့ရည်ရွယ်ပါတယ်။ ULA/AA ရဲ့ အုပ်ချုပ်ရေးစနစ်ပုံစံ (governance model)၊ လက်တွေ့မျက်တွေ့ထိရောက်မှု (governance effectiveness)နဲ့ အင်စတီကျူးရှင်းစနစ် ခိုင်မာအားကောင်းမှု (institutionalization) တွေကို သုံးသပ်ထားပါတယ်။ ရေရှည်မှာ တော်လှန်သူအဖြစ်ကနေ အချုပ်အခြာအာဏာပိုင်စိုးတဲ့ အစိုးရတရပ် ဖြစ်လာနိုင်မလားဆိုတာနဲ့ ဒီလိုဖြစ်လာဖို့ မြန်မာ့နိုင်ငံရေးအခင်းအကျင်းက ဘယ်လို ကျောထောက်နောက်ခံပြုမလဲဆိုတာကိုလည်း သုံးသပ်ထားပါတယ်။

လေ့လာမှုအတွက် **'အရည်အသွေးအသားပေး ချဉ်းကပ်လေ့လာမှုနည်းနာ'** (qualitative approach)ကို သုံးထားပါတယ်။ **'ရှိနှင့်ပြီး စာရွက်စာတမ်းများကို ဒေတာရင်းမြစ်အဖြစ် သတ်မှတ်အသုံးပြုခြင်းနည်းနာ'**[၃] (documents as data)နဲ့ **'သက်ဆိုင်ရာ ပါဝင်ပတ်သက်နေသူများနှင့် ဒေသခံများအား တွေ့ဆုံမေးမြန်းခြင်းမှတဆင့် အချက်အလက်ကောက်ယူခြင်းနည်းနာ'**တွေကိုလည်း အသုံးပြုပါတယ်။ အချက်အလက်တွေ ကောက်ယူတဲ့အခါ ရင်းမြစ်သုံးခုကို အခြေခံပါတယ်။ ရခိုင်အခြေစိုက် သတင်းဌာနတွေနဲ့ ပြည်တွင်းသတင်းဌာနတွေရဲ့ ဖော်ပြချက်တွေ၊ ULA/AA ဘက်က တရားဝင်ထုတ်ပြန်ချက်တွေနဲ့ နိုင်ငံတကာသတင်းဖော်ပြချက်တွေ၊ အစီရင်ခံစာတွေနဲ့ စာတမ်းတွေကနေ ရယူပါတယ်။ ဒါ့အပြင် ISP-Myanmar က လုပ်ဆောင်နေတဲ့ ပဋိပက္ခနဲ့ စီမံအုပ်ချုပ်မှုဆိုင်ရာ သုတေသနလေ့လာမှုကနေရတဲ့ အချက်အလက်တွေကိုပါ အခြေခံပါတယ်။ ဒေသခံအုပ်ချုပ်ရေးမှူးတွေ၊ ULA/AA နဲ့ တွဲဖက်လုပ်ကိုင်နေသူတွေ၊ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေ အပါအဝင် ၁၀ ဦးနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေမှာ လုပ်ကိုင်နေသူတွေအပါအဝင် ဒေသခံပြည်သူ ၁၃ ဦးကို တွေ့ဆုံမေးမြန်းပြီးတော့လည်း အချက်အလက်တွေ စုဆောင်းခဲ့ပါတယ်။ ULA/AA က သူတို့လုပ်နေတဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်တွေအပေါ် အသေးစိတ် သတင်းထုတ်ပြန်တာနည်းပါတယ်။ လုံခြုံရေးအခြေအနေကလည်း အားနည်းတဲ့အတွက် မြေပြင်အချက်အလက်တွေရနိုင်ဖို့ ခက်ခဲပါတယ်။ ဒါကြောင့် အချက်အလက်ပိုင်းဆိုင်ရာ အကန့်အသတ်တချို့ ရှိနိုင်ပါတယ်။ ကောက်ယူရရှိလာတဲ့ အချက်အလက်တွေ ပိုပြီးခိုင်မာအောင် ဒေသခံသုတေသီတဦးနဲ့အတူ အချက်အလက်စိစစ်တာတွေ လုပ်ခဲ့ပါတယ်။ သုတေသနနည်းနာပိုင်းနဲ့ ဒေတာအချက်အလက်ရရှိမှု အကန့်အသတ်တွေကြောင့် တင်ပြဆွေးနွေးချက်တချို့ဟာ မြေပြင်အခြေအနေနဲ့ အနည်းငယ် ကွဲလွဲမှုရှိကောင်းရှိနိုင်ပါတယ်။

၃ Bryman, A. (2016). *Social Research Methods (5th ed.)*. London: Oxford University Press.

## ၂

# ULA/AA ၏ အင်စတီကျူးရှင်းနှင့် အုပ်ချုပ်ရေးယန္တရားပုံစံ

ULA/AA ရဲ့ အင်စတီကျူးရှင်းတည်ဆောက်ပုံဟာ တရုတ်ကွန်မြူနစ်ပါတီ(CCP)ရဲ့ **‘ပါတီက အဓိက’** (party-state supremacy)ဆိုတဲ့ တည်ဆောက်ပုံစနစ်ကို ကျင့်သုံးနေတယ်လို့ ဆိုနိုင်ပါတယ်။[၄] ပါတီ၊ စစ်တပ်နဲ့ အစိုးရဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်မှာ ပါတီက ဗဟိုချက်မ အဖြစ် ရှိနေပါတယ်။ တော်လှန်ရေးကာလအတွင်း နိုင်ငံရေးဦးဆောင်မှု မကွဲပြားစေဖို့နဲ့ အရင်းအမြစ်တွေကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ဖို့ ရည်ရွယ်ပုံရပါတယ်။ ဒါကြောင့် ဗဟိုချုပ်ကိုင်မှုအားကောင်းတဲ့ **‘တပါတီ စီမံအုပ်ချုပ်ရေးစနစ်’** (single-party-state) ကို တည်ဆောက်နေတာပါ။[၅] စစ်ရေးနဲ့ အုပ်ချုပ်ရေးက သီးခြားရှိတယ်ဆိုပေမဲ့ ပါတီရဲ့ နိုင်ငံရေး လမ်းစဉ်အောက်မှာ လက်တွေ့လည်ပတ်ရမှာဖြစ်တဲ့အတွက် **‘ပါတီ၏ဆုံးဖြတ်ချက်များသည် နိုင်ငံတော်၏အမိန့်’** ဖြစ်လာမယ့်ပုံစံပါ။

ULA/AA ဟာ တော်လှန်ရေးခေါင်းဆောင်ပိုင်းရဲ့ လုံခြုံရေးကို အလေးထားပါတယ်။ ဒါ့အပြင် အဖွဲ့အစည်းအတွင်း မူဝါဒချမှတ်ရေးကိစ္စတွေကိုလည်း အတတ်နိုင်ဆုံး အတွင်းရေးအဖြစ်ပဲ ထားလိုပါတယ်။ မလိုလားအပ်တဲ့ အငြင်းပွားမှုနဲ့ ပြဿနာတွေမဖြစ်ရအောင် သူတို့ရဲ့ မူဝါဒ ချမှတ်ပုံနဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေကို သေသေချာချာ အဓိပ္ပာယ်ဖွင့်ဆိုလေ့မရှိဘဲ ဝေဝါး ထားလေ့ရှိပါတယ်။ အုပ်ချုပ်ရေးလုပ်ငန်းတွေကို လက်တွေ့ဖြစ်မှုအပေါ်အခြေခံပြီး တည် ဆောက်နေပါတယ်။ ဗဟိုနိုင်ငံရေး ဦးဆောင်ကော်မတီ (Central Politburo Committee) က အမြင့်ဆုံး အာဏာပိုင်အဖွဲ့ဖြစ်ပေမဲ့ ကော်မတီရဲ့ အခန်းကဏ္ဍအကြောင်း ပြောထားတာ မရှိသေးပါဘူး။[၆] ဗဟိုကော်မတီ (Central Committee)နဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (Central Executive Committee)တို့က ဦးဆောင်စီမံပြီး မြေပြင်အုပ်ချုပ်ရေးအတွက် အဓိကမောင်းနှင်အားအဖြစ် ရပ်တည်ပါတယ်။ စစ်ရေးအရာရှိတွေ၊ ပါတီဝင်တွေနဲ့အတူ ▶

---

၄ ULA/AA တွင် ပါဝင်လုပ်ကိုင်နေသူတဦးအား မေးမြန်းထားခြင်းဖြစ်သည်။

၅ တရုတ်နိုင်ငံကဲ့သို့ ရေရှည်တွင် တပါတီစနစ်တည်ဆောက်မည်ဟု မကြာခဏ ပြောဆိုမှုများရှိနှင့်ပြီး ဖြစ်ပါသည်။

၆ ဗဟိုနိုင်ငံရေးဦးဆောင်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။ ထိုကော်မတီထဲတွင် အလုပ်အမှုဆောင်ကော်မတီဝင်များလည်း ပါဝင်နေသည့်အတွက် ထိုသူများသည် ကော်မတီနှစ်ရပ်လုံးအတွက် ဆုံးဖြတ်ဆောင်ရွက်ရမည့်သဘောရှိသည်။

- ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရွေးချယ်တင်သွင်းတဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးကဏ္ဍအသီးသီးက အောင်မြင်ကျော်ကြားသူတွေနဲ့ ဗဟိုကော်မတီကို ဖွဲ့စည်းထားပါတယ်။ မူဝါဒချမှတ်တာ၊ အကောင်အထည်ဖော်ဆောင်ရွက်တာ စတဲ့ ပါတီနဲ့ အစိုးရရဲ့ မူဝါဒဆိုင်ရာလုပ်ငန်းတွေကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက လုပ်ဆောင်ပါတယ်။ ပါတီအရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာမူဝါဒနဲ့ ပါတီကိစ္စရပ်တွေအတွက် ၂၁ ဦးပါ ဗဟိုကော်မတီ[၇]က ရေရှည်မဟာဗျူဟာ ချမှတ်ပါတယ်။

မြေပြင်အုပ်ချုပ်ရေးယန္တရားမှာ စစ်ဘက်က လွှမ်းမိုးခဲ့ပေမဲ့ စစ်ရေးဦးစားပေးအဆင့်ကနေ 'အရပ်ဘက် နိုင်ငံရေးဦးဆောင်မှု'ဆီ တဖြည်းဖြည်း ပြင်ဆင်တည်ဆောက်နေတဲ့သဘော ရှိပါတယ်။ အုပ်ချုပ်ရေးလုပ်ငန်းတွေမှာ သက်ဆိုင်ရာ စစ်ဒေသမှူးတွေနဲ့ လည်ပတ်ရာကနေ ခရိုင်၊ မြို့နယ်၊ တိုက်နယ်၊ ကျေးရွာအဆင့်ဆင့်မှာ ပါတီကော်မတီတွေဖွဲ့စည်းပြီး စုပေါင်းဆုံးဖြတ် အကောင်အထည်ဖော်တဲ့ဓလေ့ကို ကျင့်သုံးနေတာတွေ့ရပါတယ်။ လက်ရှိမှာ ဗဟိုကနေ ဒေသန္တရအဆင့်အထိ **'တပါတီ စီမံအုပ်ချုပ်ရေးစနစ်'** ခိုင်မာအားကောင်းရေးကို တည်ဆောက်နေပါတယ်။

**'တပါတီ စီမံအုပ်ချုပ်ရေးစနစ်'**အရ ခရိုင်အဆင့်ကော်မတီဟာ မြေပြင်ယန္တရားမှာ စစ်ရေး၊ နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးကဏ္ဍရဲ့ အမြင့်ဆုံးအာဏာပိုင် ဖြစ်ပါတယ်။ ပါတီရဲ့ ခရိုင်ဥက္ကဋ္ဌက တိုင်းနဲ့ ပြည်နယ်တွေရဲ့ ဝန်ကြီးချုပ်ရာထူးနဲ့ ညီမျှပါတယ်။ လက်ရှိမှာ ခရိုင်နဲ့ မြို့နယ်အဆင့်ကော်မတီတွေကို ဖွဲ့စည်းထားနိုင်ပါပြီ။ တိုက်နယ်နဲ့ ကျေးရွာအဆင့်ကော်မတီ ဖွဲ့စည်းနိုင်မှု၊ ခိုင်မာအားကောင်းမှုတွေက နေရာဒေသအလိုက် ကွဲပြားနိုင်ပါတယ်။ ခရိုင်ကော်မတီတွေကို စစ်ဘက်ဆိုင်ရာကိုယ်စားလှယ်၊ ပါတီနိုင်ငံရေးမှူး၊ အုပ်ချုပ်ရေးမှူးနဲ့ ခရိုင်အဆင့် ရဲအရာရှိတွေနဲ့ ဖွဲ့စည်းလေ့ရှိပါတယ်။[၈] အများအားဖြင့် စစ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်တွေက ခရိုင်ကော်မတီဥက္ကဋ္ဌအနေနဲ့ တာဝန်ယူလေ့ရှိပါတယ်။ နိုင်ငံရေးမှူးက ဦးဆောင်တာမျိုးလည်း ရှိပါတယ်။ မြို့နယ်ကော်မတီဝင်တွေကို ခရိုင်ကော်မတီရဲ့ အကြံပြုထောက်ခံချက်နဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီက တိုက်ရိုက်ခန့်အပ် တာဝန်ပေးပါတယ်။ အခြေခံအကျဆုံးဖြစ်တဲ့ တိုက်နယ်နဲ့ ကျေးရွာအဆင့်ကော်မတီတွေကို တိုက်ရိုက်ခန့်အပ်သလို တော်လှန်ရေးအမာခံတွေ၊ ဒေသခံပြည်သူတွေရဲ့ သဘောဆန္ဒ၊ ရွေးကောက်ပွဲစနစ်တွေနဲ့ ရွေးချယ်ခန့်အပ်တဲ့ပုံစံတွေကိုလည်း ကျင့်သုံးပါတယ်။ **'အာရက္ခပြည်သူ့ရေးရာမူဝါဒနှင့် စီမံအုပ်ချုပ်ရေးကျောင်း'**(ASPPA) ကျောင်းဆင်းတွေကို ခန့်အပ်တာဝန်ပေးတာလည်း ရှိပါတယ်။

---

၇ ကနဦးတွင် ၂၁ ဦး ရှိသည်ဟု ဆိုသော်လည်း လိုအပ်ချက်အရ အပြောင်းအလဲ ရှိနိုင်ပါသည်။ ULA ဖွဲ့စည်းမှုအကျဉ်းဖတ်ပါ- https://web.archive.org/web/20180905010929/https://ula.today/organization/

၈ ULA/AA တွင် ပါဝင်လုပ်ကိုင်နေသူတဦးအား မေးမြန်းထားခြင်းဖြစ်သည်။

## ၂.၁။ အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ (APRG)

လူမှုဝန်ဆောင်မှုများနဲ့ မူဝါဒဆိုင်ရာလုပ်ငန်းတွေကို ချမှတ်အကောင်အထည်ဖော်နိုင်ဖို့ **‘အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ’** (APRG)ကို ဖွဲ့စည်းခဲ့ပါတယ်။[၉] ဒါက ပုံသေကားကျ တည်ဆောက်တာမျိုးမဟုတ်ဘဲ ဒေသတွင်း ပဋိပက္ခအခြေအနေနဲ့ ရင်းမြစ်ရရှိနိုင်တဲ့အပေါ် မူတည်ပြီး တဖြည်းဖြည်း တိုးချဲ့ခဲ့ပါတယ်။ အပိုင်းလိုက်၊ နေရာဒေသအလိုက်၊ အလျင်စလို လိုအပ်ချက်အလိုက် စဉ်းစားမှုတွေကိုလည်း တွေ့ရပါတယ်။ ၂၀၁၈ ခုနှစ်မှာ **‘ရက္ခိုင်ပြည်သူ့အာဏာပိုင်အဖွဲ့’** (APA)ကို စတင်ဖွဲ့စည်းပြီး နယ်မြေစိုးမိုးမှုကို အုပ်ချုပ်ရေးအာဏာအဖြစ် ကနဦး အသွင်ပြောင်းလဲခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာနောက်ပိုင်း စစ်တပ်နဲ့ ယာယီ အပစ်ရပ်ကာလကို မဟာဗျူဟာကျကျအသုံးချပြီး ဒေသန္တရအုပ်ချုပ်ရေး၊ လုံခြုံရေးနဲ့ တရားစီရင်ရေးယန္တရားတွေ ခိုင်မာအောင် တည်ဆောက်ခဲ့ပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ အခိုင်အမာ ဖြန့်ကြက်ထားနိုင်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်မှာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဖွဲ့အစည်းရဲ့ နိုင်ငံရေးတရားဝင်မှု (legitimacy) ကို မြှင့်တင်ခဲ့ပါတယ်။ **‘အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ’**အဖြစ်လည်း ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ‘စစ်ဆင်ရေး ၁၀၂၇’ အလွန်မှာ အရှိန်ပိုရလာပြီး ပလက်ဝမြို့နယ်အပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ တောင်ပိုင်းဒေသအများအပြားကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်နောက်ပိုင်းမှာ တော်လှန်ရေးအဖွဲ့အစည်းအဆင့်ကနေ မြေပြင်မှာ **‘လက်တွေ့အာဏာပိုင်စိုးသောအစိုးရ’** (De Facto Government) ပုံစံမျိုး အခိုင်အမာ ရပ်တည်လာနိုင်တာ တွေ့ရပါတယ်။ ၂၀၂၅ ခုနှစ် မေလမှာ စစ်ဆင်ရေးကုဒ် (Alpha၊ Beta၊ Nova)တွေနဲ့ ဖွဲ့စည်းထားတဲ့ **‘စစ်ဒေသအလိုက်အုပ်ချုပ်ရေး’**ကနေ **‘ခရိုင်အခြေပြု အုပ်ချုပ်ရေးစနစ်’**ကို ကူးပြောင်းခဲ့ပါတယ်။ လက်ရှိမှာ ခရိုင်ရှစ်ခုဖွဲ့စည်းပြီး အုပ်ချုပ်ရေး ယန္တရား လည်ပတ်နေပါတယ်။[၁၀] တဖက်မှာလည်း အာရက္ခပြည်တခုလုံးနီးပါးကို ဦးမင်းအောင်လှိုင်အစိုးရက စစ်အုပ်ချုပ်ရေး ကြေညာထားပါတယ် **[ISP ညွှန်းပြမြေပုံ ၀၂၃/၂၀၂၆ (ISP-M2026-023) ကို ရှုပါ]**။

အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရအနေနဲ့ အစိုးရယန္တရား၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေး စတဲ့ အာဏာသုံးရပ် ခွဲခြားကျင့်သုံးဖို့ ရည်ရွယ်ထားတယ် ဆိုပါတယ်။[၁၁] ပါတီဥက္ကဋ္ဌက အစိုးရအဖွဲ့ရဲ့ အကြီးအမှူးအဖြစ် ပူးတွဲတာဝန်ရယူထားပါတယ်။ တနည်းအားဖြင့် အာဏာကို တနေရာတည်းမှာ စုစည်းထားတဲ့သဘော (centralization of power)ကိုတွေ့ရပါတယ်။

---


၉ ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် ‘အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ’ဟု ပြောဆိုသုံးနှုန်းလာသည်ကို တွေ့ရသည်။

၁၀ မောင်တော၊ စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲနှင့် ပလက်ဝခရိုင်တို့ ဖြစ်သည်။

၁၁ ULA/AA တွင် ပါဝင်လုပ်ကိုင်နေသူတဦးအား မေးမြန်းထားခြင်းဖြစ်သည်။

# ဦးမင်းအောင်လှိုင်အစိုးရက ရခိုင်ပြည်နယ်တခုလုံးနီးပါးကို စစ်အုပ်ချုပ်ရေး ကြေညာထား

၂၀၂၆ ခုနှစ် ဧပြီ ၂၃ ရက်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ ခုအနက် ၁၄ ခုကို ဦးမင်းအောင်လှိုင်အစိုးရက စစ်အုပ်ချုပ်ရေး ကြေညာထားပါသည်။ စစ်တွေ၊ ကျောက်ဖြူနှင့် မာန်အောင်မြို့နယ်တို့မှလွဲ၍ ကျန်မြို့နယ်အားလုံးကို စစ်အုပ်ချုပ်ရေး နယ်မြေများအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။




**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၀ ရက်အထိ။** ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြု လေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သောရင်းမြစ်များ (open-source) ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

အရပ်သားတရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ်တွေနဲ့ တရားရေးကဏ္ဍကို လည်ပတ်နေပါတယ်။ ဥပဒေပြုရေးကဏ္ဍကို သီးခြားဖွဲ့စည်းတာမရှိသေးဘဲ ပါတီအလုပ် အမှုဆောင်ကော်မတီရဲ့ အာဏာစက်အောက်မှာပဲရှိနေတာ တွေ့ရပါတယ်။ အစိုးရယန္တရားကိုတော့ အနည်းဆုံး ဌာနကြီး ၁၅ ခုခန့်နဲ့ ဖွဲ့စည်းလည်ပတ်နေပါတယ်။[၁၂] ဖွဲ့စည်းတဲ့အခါ ပုံသေကားကျထက် လက်တွေ့လိုအပ်ချက်အပေါ် အခြေခံတဲ့ ချဉ်းကပ်မှုကို တွေ့ရပါတယ်။ အစောပိုင်းမှာ နိုင်ငံတည်ဆောက်ရေးရဲ့ အဓိကမဏ္ဍိုင်တွေဖြစ်တဲ့ အုပ်ချုပ်ရေး၊ လုံခြုံရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေကို ခိုင်မာအောင်တည်ဆောက်ခဲ့ပါတယ်။ နောက်ပိုင်း နိုင်ငံရေးတရားဝင်မှုပိုရဖို့ လူသားစာနာအကူအညီကတဆင့် ပညာရေးနဲ့ ကျန်းမာရေးစတဲ့ အခြေခံလူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို တဖြည်းဖြည်း တိုးချဲ့လာခဲ့ပါတယ်။ အခွန်အခကောက်ခံမှုကို ကြီးကြပ်လာပါတယ်။ နယ်မြေစိုးမိုးမှုကျယ်ပြန့်လာပြီး မြို့ပြတွေကို ထိန်းချုပ်လာနိုင်တဲ့အခါရေ၊ မီလ္လာနဲ့ အမှိုက်စွန့်ပစ်မှု၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးစတဲ့ 'မြို့ပြစီမံခန့်ခွဲမှု' ယန္တရားတွေပါ စတင်လည်ပတ်လာပါတယ်။ ဒေသတွင်းစီးပွားရေးကဏ္ဍ တိုးတက်လာဖို့ ကြိုးပမ်းနေတာရှိသလို နယ်စပ်ကုန်သွယ်ရေးကိုလည်း ဦးစားပေးလုပ်ဆောင်လာခဲ့ပါတယ်။

အုပ်ချုပ်ရေးယန္တရားလည်ပတ်ဖို့ ကျွမ်းကျင်သူတွေ၊ ပညာတတ်လူငယ်တွေ၊ **'စစ်အာဏာရှင်နှင့် မပူးပေါင်းရေးလှုပ်ရှားမှု'** (CDM) မှာ ပါဝင်ခဲ့ကြတဲ့ ဝန်ထမ်းတွေ၊ ဝန်ထမ်းဟောင်းတွေနဲ့ ဒေသခံလူထုကို ပေါင်းစပ်ထားတဲ့ပုံစံမျိုး မြင်ရပါတယ်။ ထူးခြားချက်က ပြည်သူ့ဝန်ဆောင်မှုကဏ္ဍမှာ လက်ရှိယန္တရားကို ဖျက်သိမ်းပြီး အသစ်ပြန်စတဲ့လမ်းစဉ်ထက် ရှိရင်းစွဲဝန်ထမ်းတွေကို စည်းရုံးသိမ်းသွင်းပြီး ဆက်လက်အလုပ်လုပ်စေတဲ့ **'မဟာဗျူဟာမြောက်ပေါင်းစည်းခြင်း'** (strategic co-option) နည်းလမ်းကို အသုံးချထားတာပဲ ဖြစ်ပါတယ်။ ဥပမာ- ၂၀၂၁ ခုနှစ် အာဏာသိမ်းကာလအစမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ ရခိုင်လူမျိုးဝန်ထမ်းတွေကို CDM လှုပ်ရှားမှုမှာမပါဝင်ကြဖို့ ဆော်ဩခဲ့ဖူးပါတယ်။ သက်ဆိုင်ရာဝန်ထမ်းတွေက ULA/AA ကို တာဝန်ခံပြီး ဝန်ဆောင်မှုဆက်ပေးခဲ့တဲ့လမ်းစဉ်ဟာ လူပြောများခဲ့ပါတယ်။ ရခိုင်ဒေသခံမဟုတ်တဲ့ CDM ဝန်ထမ်းတွေကိုလည်း ခေါ်ယူခန့်အပ်ထားပါတယ်။

## ၂.၂။ အုပ်ချုပ်ရေးလုပ်ငန်း

လက်ရှိမှာ အုပ်ချုပ်ရေးယန္တရားကို ခရိုင်ရှစ်ခုဖွဲ့စည်းပြီး လည်ပတ်နေပါတယ်။ စစ်ဘက်အုပ်ချုပ်ရေးပုံစံကနေ အရပ်ဘက်အုပ်ချုပ်ရေးပုံစံကို ကူးပြောင်းကျင့်သုံးနေပေမဲ့ လုံခြုံရေးအရ စိုးရိမ်ရဆဲဒေသတွေမှာတော့ စစ်ဘက်အုပ်ချုပ်ရေးနဲ့ ဆက်လက်အုပ်ချုပ်နေပါတယ်။

၁၂ ဒေတာအချက်အလက် ရရှိမှု အကန့်အသတ်ကြောင့် ဌာနအရေအတွက် ကွာဟနိုင်၊ အပြောင်းအလဲ ရှိနိုင်ပါသည်။


## ရိုဟင်ဂျာအရေး စိန်ခေါ်မှု

ရိုဟင်ဂျာအရေးသည် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော် (ULA/AA)၏ အုပ်ချုပ်ရေး ကြိုးပမ်းချက်အတွက် ကြီးမားသော စိန်ခေါ်မှုတရပ်ဖြစ်သည်။ ULA/AA ခေါင်းဆောင်ပိုင်းအနေဖြင့် ရိုဟင်ဂျာအရေးကိစ္စကို မဖြစ်မနေဖြေရှင်းရမည့် ပြဿနာအဖြစ် ရှုမြင်သည်ကို တွေ့ရသည်။ အခြား တဖက်တွင် ရိုဟင်ဂျာအရေးအပေါ် ULA/AA ၏ ချဉ်းကပ်ပုံသည် နိုင်ငံတကာတရားဝင်မှုနှင့် အသိ အမှတ်ပြုခံရမှုအပေါ် တိုက်ရိုက်သက်ရောက်စေသည်။ ULA/AA ခေါင်းဆောင်ပိုင်းက လူမျိုးရေး၊ ဘာသာရေးမခွဲခြားသော အုပ်ချုပ်ရေးကိုဆောင်ရွက်မည်ဟု ထုတ်ဖော်ပြောဆိုမှုများရှိခဲ့ပြီး အုပ်ချုပ် ရေးနယ်ပယ် တချို့တွင် ရိုဟင်ဂျာလူထု ပါဝင်လာစေရေး ကြိုးပမ်းမှုကိုလည်း တွေ့ရသည်။ ရိုဟင်ဂျာ နှင့် မွတ်ဆလင်လူမျိုးများကို ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ခန့်အပ်ခြင်း၊ ဝန်ဆောင်မှုတန်းတူပေးခြင်းများ လုပ်ခဲ့ပါသည်။ သို့သော် ၂၀၂၄ ခုနှစ်၌ ဘူးသီးတောင်-မောင်တော ဒေသတွင်ဖြစ်ခဲ့သော မြန်မာစစ်တပ်နှင့် ပဋိပက္ခများအတွင်း ရိုဟင်ဂျာအရပ်သားများ ထိခိုက်ခဲ့ ကြောင်း ထောက်ပြချက်များရှိခဲ့သည်။ ရိုဟင်ဂျာများ ပြန်လည်နေရာချထားရေး၊ ရခိုင်-ရိုဟင်ဂျာ လူမှုအသိုက်အဝန်းနှစ်ရပ်ကြား ယုံကြည်မှုတည်ဆောက်ရေးတို့သည် ULA/AA အုပ်ချုပ်ရေး၏ ရေရှည်တည်တံ့မှုနှင့် ဒီမိုကရေစီဆန်မှုကို တိုင်းတာမည့် အဓိကစံနှုန်းများ ဖြစ်လာဖွယ်ရှိသည်။

ဥပမာ- လုံခြုံရေးအကဲဆတ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ထိစပ်နေတဲ့ဒေသအချို့မှာ အရပ်သား အုပ်ချုပ်ရေးထက် စစ်ဒေသမှူးတွေရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်က 'စစ်ဘက်အုပ်ချုပ် ရေးယန္တရား'နဲ့ ထိန်းချုပ်လည်ပတ်နေတာမျိုး ရှိပါတယ်။ အုပ်ချုပ်ရေးလုပ်ငန်း ဖွဲ့စည်းတည် ဆောက်ပုံကတော့ ပါတီဖွဲ့စည်းပုံလိုပဲ ဗဟို၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်နှင့် ကျေးရွာအဆင့်ဆို ပြီး အဆင့်ဆင့်ရှိပါတယ်။ အုပ်ချုပ်ရေးမှူးတွေက ပါတီအပေါ် တာဝန်ခံရပါတယ်။ ဗဟို အုပ်ချုပ်ရေးဌာနက ယန္တရားတခုလုံးရဲ့ ပင်မမောင်းနှင်အားအဖြစ် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးပါတယ်။ လက်ရှိမှာလည်း ခရိုင်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးရုံးတွေကို ဖွင့်လှစ် လည်ပတ်နေပါတယ်။ ရေရှည်မဟာဗျူဟာအနေနဲ့ ဗဟိုချုပ်ကိုင်မှုနဲ့ လူထုပါဝင်မှုကို မျှတ စေမယ့် **'စပ်ကြားအုပ်ချုပ်ရေးပုံစံ'** တည်ဆောက်လိုတယ်လို့ သုံးသပ်ရပါတယ်။ ခရိုင်၊ မြို့ နယ်နဲ့ တိုက်နယ်အဆင့် အုပ်ချုပ်ရေးမှူးတွေကို ပါတီက တိုက်ရိုက်ရွေးချယ်ခန့်အပ်ပါတယ်။ တိုက်နယ်အုပ်ချုပ်ရေးမှူးတွေက ပါတီကို ဒေါင်လိုက်တာဝန်ခံစေပြီး ဗဟိုရဲ့ထိန်းချုပ်မှုကို ရယူထားတယ်။ ရပ်ကျေးအဆင့်မှာ ဒေသခံတွေရဲ့ သဘောဆန္ဒနဲ့ ရွေးကောက်တင်မြှောက် ခွင့်ပြုပြီး အုပ်ချုပ်ရေးယန္တရားရဲ့ တရားဝင်မှုနဲ့ လူထုထောက်ခံမှုကို ရယူဖို့ ကြိုးပမ်းလာတာ တွေ့ရပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ ဒီအလေ့အထဟာ အားနည်းနေဆဲဖြစ်ပြီး လက်သင့်ရာ ခေါ်ခန့်မှုတွေ ရှိနေတယ်လို့ ဝေဖန်ကြတာမျိုးလည်း ရှိနေပါတယ်။

# ULA/AA ၏ ထိန်းချုပ်နယ်မြေများ


ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်(ULA/AA) သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ရခိုင်ပြည်နယ်အတွင်း ထိုးစစ်များ စတင်ခဲ့သည်။ လက်ရှိတွင် ပလက်ဝဒေသနှင့် ရခိုင်ပြည်နယ်၏ **၉၂ ဒသမ ၆ ရာခိုင်နှုန်းကို** ထိန်းချုပ်ထားသည်။ ထိုနယ်မြေများတွင် အုပ်ချုပ်ရေးဖော်ဆောင်ရန် **အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ** (APRG) ကို ဖွဲ့စည်းခဲ့ပြီး ၂၀၂၅ ခုနှစ် မေလကစတင်ပြီး ပလက်ဝဒေသအပါအဝင် **ခရိုင်ရှစ်ခုဖွဲ့စည်း၍** အုပ်ချုပ်ခဲ့သည်။




**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် မေ ၂၆ ရက်အထိ။** ISP-Myanmar၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြု လေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သောရင်းမြစ်များ (open-source) ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

# ULA/AA ၏ အင်စတီကျူးရှင်း တည်ဆောက်ပုံ

ULA/AA သည် ဗဟိုချုပ်ကိုင်မှုအားကောင်းသော တပါတီစနစ်အပေါ် အခြေခံကာ ပါတီ၊ စစ်တပ်နှင့် အစိုးရယန္တရားတို့ကို တသားတည်း ပေါင်းစည်းထားသည်။ အစိုးရကို အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်သုံးရပ်ဖြင့် ဖွဲ့စည်းထားသည်။ လက်ရှိတွင် အုပ်ချုပ်ရေးက လိုအပ်သလို အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်သောစနစ်ကို ကျင့်သုံးနေပါသည်။




**မှတ်ချက်** - သုတေသနအတွက် အင်တာဗျူးက ရရှိသောအချက်အလက်များကို အခြေခံပြီး ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော် (ULA/AA) ၏ ဖွဲ့စည်းပုံကို ပုံဖော်ထားခြင်းဖြစ်သည်။ ဒေတာအချက်အလက်ရရှိမှု အကန့်အသတ်ကြောင့် ကွဲလွဲမှုတစုံတရာရှိနိုင်ပါသည်။

၃

# လုံခြုံရေးလုပ်ငန်းများနှင့် တရားစီရင်ရေးလုပ်ငန်းများ

## ၃.၁။ လုံခြုံရေး

ULA/AA က ကနဦးပိုင်းမှာ စစ်ဘက်လုံခြုံရေးပုံစံနဲ့ စတင်ပြီး အာဏာသိမ်းမှုအလွန်မှာတော့ စစ်ဘက်-အရပ်ဘက် ပူးတွဲလုံခြုံရေးပုံစံပြောင်းလဲကာ အင်စတီကျူးရှင်းအားကောင်းဖို့ ကြိုးစားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်လောက်ကစပြီး နယ်မြေစိုးမိုးမှုရထားတဲ့ ရွာတွေကို AA တပ်ဖွဲ့ဝင်တွေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက လုံခြုံရေးပေးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာတော့ ပြည်သူ့ရဲတပ်ဖွဲ့ (People Police Force) ကို AA တပ်ဖွဲ့ဝင်တွေနဲ့ပဲ ဖွဲ့စည်းခဲ့ပါတယ်။ နောက်ပိုင်း **‘ပြည်သူ့လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဌာန’** (Department of Law Enforcement and Public Security - DLEPS) လို့ အမည်ပြောင်းခဲ့ပါတယ်။ စစ်ဘက်က ကူးပြောင်းလာတဲ့ တပ်ဖွဲ့ဝင်တွေအပြင် ဒေသခံလူငယ်တွေကို ရဲသင်တန်းပေးပြီး ပြန်ခန့်တာ၊ ရဲဝန်ထမ်းဟောင်းတွေကို ဝင်ပါစေတာ စသဖြင့် အင်အားဖြည့်တင်းဖို့ ကြိုးစားခဲ့ပါတယ်။ လက်ရှိ ရဲချုပ်ရာထူးအတွက်လည်း အာဏာမသိမ်းခင်က မြန်မာရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ရဲအရာရှိတဦးကို ခန့်ထားပါတယ်။ အခုချိန်မှာ ရဲအင်အား ၃,၇၀၀ အထိရှိနေပြီလို့ သိရပါတယ်။[၁၃] ဒါ့အပြင် ကျေးရွာအဆင့်မှာလည်း ဒေသခံရွာသားတွေနဲ့ စစ်သင်တန်းဆင်းလူငယ်တွေကို အရန်တပ်ဖွဲ့အနေနဲ့ဖွဲ့စည်းပြီး ဒေသတွင်းလုံခြုံရေးကို လုပ်ဆောင်စေပါတယ်။ လုံခြုံရေးအာဏာကို စစ်ဘက်ကနေ အရပ်ဘက်ကို လွှဲပြောင်းပေးလိုက်တယ်လို့ယူဆရပြီး စည်းစနစ်ကျတဲ့ အုပ်ချုပ်ရေးဖော်ဆောင်ဖို့ ကောင်းမွန်တဲ့ အရွေ့တခုဖြစ်တယ်လို့ သုံးသပ်လို့ရပါတယ်။

တဖက်မှာလည်း လူ့စွမ်းအားအရင်းအမြစ်ကို ဖြည့်တင်းဖို့ ကြိုးစားတဲ့အလျောက် လုပ်ဆောင်နိုင်စွမ်းမှာ လိုအပ်ချက်တွေများလာတာကို တွေ့ရပါတယ်။ အသက်ငယ်ပြီး ပညာရေးမပြီးမြောက်သေးတဲ့ လူငယ်တွေကို ရဲသင်တန်းပေးပြီး ခန့်ထားတဲ့အခါ ဥပဒေနဲ့ ရဲလုပ်ထုံး

၁၃ Myat Hnin Wai. (2025, August 25). Is the department of law enforcement and public security (DLEPS) living up to its promise of public safety and justice? *Border News Agency*. https://bnanews.net/articles/6247/

လုပ်နည်းတွေကို နားလည်သဘောပေါက်မှု အားနည်းတာ၊ အာဏာအလွဲသုံးစားလုပ်တာတွေဖြစ်လာခဲ့ပါတယ်။ ဒီအခါ ခိုးမှု၊ အိမ်ဖောက်ထွင်းမှုလိုမျိုး ပြစ်မှုငယ်တွေကိုပဲကိုင်တွယ်နိုင်တာ၊ ယာဉ်စည်းကမ်းထိန်းသိမ်းတာတွေပဲ လုပ်ဆောင်နိုင်ပြီး ပြစ်မှုကြီးတွေကိုင်တွယ်နိုင်စွမ်း နည်းပါးတာကိုတွေ့ရပါတယ်။ ဒါ့အပြင် နာမည်ကြီးပြစ်မှုတချို့မှာ ULA/AA ဘက်က ပါဝင်စွက်ဖက်တာတွေလည်း ရှိပါတယ်။[၁၄] ဒီအချက်တွေက ပြည်သူ့လုံခြုံရေးကို လိုသလောက် တာဝန်ယူမပေးနိုင်တာကိုပြသနေပြီး ရေရှည်မှာ ပြည်သူတွေရဲ့ ယုံကြည်မှုကျဆင်းလာနိုင်ပါတယ်။

## ၃.၂။ တရားစီရင်ရေး

ULA/AA ရဲ့ တရားစီရင်ရေးယန္တရားဟာလည်း လုံခြုံရေးကဏ္ဍနည်းတူ **‘နိုင်ငံရေးတရားဝင်မှု တည်ဆောက်ခြင်း’** (legitimacy building) ရဲ့ ပြယုဂ်တခု ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် ကနဦးကာလတွေမှာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက အမှုအခင်းတွေကို ဆုံးဖြတ်ပေးခဲ့ပြီး အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး ရောပြွမ်းတဲ့ပုံစံနဲ့ စတင်ခဲ့ပါတယ်။ အဲဒီကာလတွေတုန်းက နယ်မြေစိုးမိုးမှုမရှိသေးတဲ့ ဒေသတွေကပါ လာတိုင်ကြတဲ့အထိ ပြည်သူ့အားကိုးမှုရခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာတော့ တရားစီရင်ရေးဌာနကို တရားဝင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ မြန်မာအစိုးရရဲ့ တရားစီရင်ရေးစနစ်နဲ့ ပုံစံတူပြီး ဗဟို၊ ခရိုင်၊ မြို့နယ်ဆိုပြီး အဆင့်ဆင့် ဖွဲ့စည်းထားပါတယ်။

လိုအပ်တဲ့ ဝန်ထမ်းအင်အားအတွက် အငြိမ်းစားတရားသူကြီး၊ CDM ဝန်ထမ်း၊ ဒေသခံရှေ့နေ၊ ဥပဒေဘွဲ့ရလူငယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ လစာအနေနဲ့ သီးသန့်မပေးနိုင်ပေမဲ့ ရိက္ခာနဲ့ မိသားစုဖူလုံရေး (ပညာရေး၊ ကျန်းမာရေး)ကို ထောက်ပံ့ပေးပါတယ်။ တရားရုံးတွေအတွက် ရပ်ရွာက ကူညီတည်ဆောက်ပေးတဲ့ ရုံးနဲ့ အရင်အစိုးရအဆောက်အအုံဟောင်းတွေကို ပြင်ဆင်အသုံးပြုပါတယ်။ လုံခြုံရေးအတွက် **‘ရွေ့လျားတရားရုံး’** (mobile court) တွေကို အဓိကအသုံးပြုပါတယ်။ အွန်လိုင်းကနေ တိုင်ကြားနိုင်ဖို့ **‘Justice for Arakan’** လို ပလက်ဖောင်းတွေကို ထူထောင်ပေးထားပြီး ပြည်သူတွေ လက်လှမ်းမီနိုင်ဖို့ ကြိုးစားထားတာကို တွေ့ရပါတယ်။

ပြည်သူလူထုရဲ့ကိုးစားမှု ကြီးလာတာနဲ့အမျှ လစ်ဟာမှုတွေကလည်း ကြီးမားလာပါတယ်။ တိုင်ကြားတဲ့အမှုအခင်းတွေ များလာတဲ့အခါမှာ စနစ်ရဲ့ လုပ်ဆောင်နိုင်စွမ်း အကန့်အသတ်

၁၄ Development Media Group. (2025, July 3). *ရခိုင်တွင် အဓမ္မပြုကျင့်ရန်ကြိုးပမ်းမှုတွင် အာမခံဖြင့်လွတ်နေသူကို ပြန်ဖမ်း၊ အာမခံပေးခဲ့သည့် တရားသူကြီး စစ်ဆေးခံရ။* https://www.dmgburmese.com/သတင်း/rakap.html.

ဖြစ်လာပြီး ကြန့်ကြာမှုတွေ ရှိလာပါတယ်။ သာဓကအနေနဲ့ ၂၀၂၂ ခုနှစ်မှာ ULA/AA ကို တိုင်ကြားလာတဲ့ အမှုပေါင်း ၁,၈၀၀ ကျော်ရှိပြီး တဝက်လောက်ပဲ ဖြေရှင်းပေးနိုင်တာကို ကြည့်ရင် သိနိုင်ပါတယ်။[၁၅] မှုခင်းသိပ္ပံ (forensic science)လို နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေအားနည်းတာကြောင့် ရာဇဝတ်မှုကြီးတွေမှာ **'အတွေ့အကြုံနှင့် နည်းပညာ ကွာဟချက်'** စိန်ခေါ်မှုတွေကို ရင်ဆိုင်လာရပါတယ်။ ဒါ့အပြင် ကျေးရွာအဆင့် တရားစီရင်ရေးမှာလည်း **'ဓလေ့ထုံးတမ်းနှင့် အရပ်ဘက်ဖြေရှင်းနည်း'**ကို အဓိက အားပြုမှုများတဲ့အတွက် ဘက်လိုက်မှုတွေ ရှိလာပါတယ်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲနဲ့ လုံခြုံရေးကြောင့် တရားရုံးတွေကို မကြာခဏ နေရာပြောင်းရွှေ့ရပြီး တည်နေရာ မမြဲတာတွေကြောင့်လည်း ပြည်သူတွေအဖို့ **'တရားမျှတမှု လက်လှမ်းမီနိုင်စွမ်း'** (access to justice) က စိန်ခေါ်ချက်ဖြစ်လာပါတယ်။ ဒီစိန်ခေါ်မှုတွေကို မဖြေရှင်းနိုင်ရင် ရေရှည်မှာ ပြည်သူတွေ ယုံကြည်မှုရရှိခဲ့တဲ့ တရားစီရင်ရေးဟာ ပြည်သူတွေရဲ့ စိတ်ပျက်မှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။

## ၃.၃။ ဥပဒေပြုရေး

လက်ရှိမှာ ULA/AA က ဥပဒေပြုဖို့အတွက် သီးခြားလွတ်လပ်တဲ့မဏ္ဍိုင် (legislative branch) ကို ဖွဲ့စည်းမထားပါဘူး။ အုပ်ချုပ်ရေးအာဏာပိုင် (executive body) တွေကပဲ လိုအပ်သလို အမိန့်၊ ညွှန်ကြားချက်တွေထုတ်ပြန်ပြီး **'အုပ်ချုပ်ရေးယန္တရားလွှမ်းမိုးသော ဥပဒေစနစ်'**ကို ကျင့်သုံးပါတယ်။ အမှုအခင်းတွေ ဖြေရှင်းဖို့အတွက် ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးဥပဒေနဲ့ သက်သေခံဥပဒေတို့ကို ပင်မကျောရိုးဥပဒေ (core laws) အဖြစ်ကျင့်သုံးပြီး ကာလစည်းကမ်းသတ်အက်ဥပဒေ၊ တလင်တမယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ စတဲ့ အထူးဥပဒေတွေကို ဖျက်သိမ်းထားပါတယ်။[၁၆] ဒါပေမဲ့ ဖျက်သိမ်းတဲ့ ဥပဒေတွေက နေရာဒေသအလိုက်မတူညီတဲ့အပြင် ပြည်သူတွေကို တရားဝင်အသိပေးတာလည်း မရှိတဲ့အတွက် **'ဥပဒေဆိုင်ရာ တိကျခိုင်မာမှု'** အားနည်းတာကို တွေ့ရပါတယ်။

ဒါ့အပြင် ၂၀၂၃ ခုနှစ်ကတည်းက ကြားကာလဥပဒေရေးရာအစီအမံ ထားရှိပေမဲ့ ပွင့်လင်းမြင်သာစွာ ချပြတာတော့ မတွေ့ရပါဘူး။ ဒါကြောင့် တရားစီရင်ရေးကဏ္ဍမှာပါ **'ရှေ့နောက်မညီညွတ်မှု'**တွေကို တွေ့လာရပါတယ်။ ၂၀၂၅ ခုနှစ် မတ်လမှာ **'တလင်တမယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ'**ကို ဖျက်သိမ်းလိုက်တဲ့အတွက် ဒေသခံပြည်သူတွေအကြား အထူးသဖြင့် အမျိုးသမီးတွေအကြား မကျေနပ်မှုတွေ မြင့်တက်လာတာကို သာဓကအနေ

၁၅ ၂၀၂၅ ခုနှစ်၊ မတ်လ။ ULA/AA ၏ သတင်းထုတ်ပြန်ချက်။ https://bnanews.net/articles/4889/ ကို ကြည့်ပါ။
၁၆ ULA/AA ၏ တရားရေးဝန်ထမ်းဟောင်းတဦးအား မေးမြန်းထားခြင်းဖြစ်သည်။

နဲ့ကြည့်နိုင်ပါတယ်။ ဒါ့အပြင် အကျဉ်းထောင်နဲ့ အချုပ်ခန်းတွေလို **'အခြေခံအဆောက်အအုံဆိုင်ရာ အကန့်အသတ်'**တွေကြောင့် ပြစ်ဒဏ်တွေကို ချမှတ်သင့်တာထက် လျှော့ပေါ့လိုက်တာတွေ ရှိပါတယ်။ စစ်သုံ့ပန်းတွေအတွက် နေရာထိုင်ခင်းပေးဖို့ ဦးစားပေးရတာကြောင့် မုဒိမ်းမှုလို ပြစ်မှုကြီးတွေကို ထောင်ဒဏ်လျှော့ပေါ့လိုက်တာတွေလည်း ရှိလာပါတယ်။[၃၇] ဒီလိုမျိုး ဥပဒေတွေကို တသမတ်တည်းမကျင့်သုံးဘဲ နေရာဒေသအလိုက် ဆောင်ရွက်တာက တရားဥပဒေရဲ့ **'ကာကွယ်ဟန့်တားနိုင်စွမ်း'**ကိုလည်း ပျက်ပြားစေပါတယ်။ တရားစီရင်ရေးယန္တရားကိုပါ ထိခိုက်လာစေနိုင်ပြီး ဒေသတွင်းတည်ငြိမ်ရေးနဲ့ လူမှုစည်းလုံးညီညွတ်မှုကို ပျက်ယွင်းပြီး ရေရှည်မှာ **'လူမှုပဋိညာဉ်ပျက်ယွင်းမှု'**အန္တရာယ်ဖြစ်စေနိုင်ပါတယ်။

## ၃.၄။ တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ အမြင်

ULA/AA ရဲ့ တရားစီရင်ရေးဟာ နယ်မြေစိုးမိုးမှု (territorial control) မရမီ ကာလကတည်းက **'နိုင်ငံရေးတရားဝင်မှု'**ကို ကြိုတင်ရယူနိုင်ခဲ့ပါတယ်။ နယ်မြေစိုးမိုးမှုမရှိသေးတဲ့ ဒေသတွေက ပြည်သူတွေကပါ ULA/AA ရဲ့ တရားစီရင်ရေးစနစ်ကို အားကိုးခဲ့ကြပါတယ်။ **'စင်ပြိုင်တရားစီရင်ရေးစနစ်'**တခုအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့ပါတယ်။ ကုန်ကျစရိတ်နဲ့ အချိန်ကုန်သက်သာပြီး ထိရောက်မှုရှိတဲ့အတွက်ကြောင့်လို့ ဆိုကြပါတယ်။ ရာဇဝတ်မှုတွေကို အခမဲ့ဖြေရှင်းပေးပြီး တရားမမှုတွေမှာတော့ အငြင်းပွားမှုတန်ဖိုးရဲ့ ငါးရာခိုင်နှုန်းကို အခွန်ကောက်ခံခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်း ကြန့်ကြာမှုကိုလည်း လျှော့ချပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် **'အရင်အစိုးရထက်တော့ တရားစီရင်ရေး မြန်ဆန်ပါတယ်'**လို့ အပြောများပါတယ်။[၃၈] ဒါပေမဲ့ တရားဝင်အစိုးရတရပ်အဖြစ် ကူးပြောင်းတဲ့အချိန်မှာ ရင်းမြစ် မမျှတတဲ့ဒဏ်ကို ခံစားလာရပါတယ်။ လူစိတ်ဝင်စားမှုများတဲ့ အမှုအခင်းတွေကိုပဲ ဦးစားပေးဖြေရှင်းလာတဲ့အခါ ပြည်သူတွေရဲ့ဝေဖန်မှုကို စတင်ရရှိလာပါတယ်။ တခါ **'တရားစီရင်ရေးလွတ်လပ်ခွင့်'** အတိုင်းအတာတခုထိရှိတယ်ဆိုပေမဲ့ **'စစ်ဘက်ဗျူရိုကရေစီ'**ရဲ့ အရိပ်အယောင်တွေ ထင်ဟပ်လွှမ်းမိုးနေဆဲ ဖြစ်ပါတယ်။ ဝန်ထမ်းခန့်ထားရာမှာလည်း အုပ်ချုပ်ရေးအသိုက်အဝန်းရဲ့ ဆွေမျိုးတွေ၊ ရင်းနှီးသူတွေကိုသာ ခန့်အပ်တဲ့အတွက် **'ဆွေမျိုးကောင်းစားရေးဝါဒ'** ရှိနေတယ်လို့ ဆိုရမှာပါ။[၃၉] ဒါကြောင့် အမှုစီရင်ဆုံးဖြတ်ရာမှာ **'အဖွဲ့အစည်းဆိုင်ရာ ဘက်လိုက်မှု'**တွေ ရှိနေတယ်လို့ ယူဆကြပါတယ်။ ဒါတွေက တည်ဆောက်ဆဲအသွင်ကူးပြောင်းရေးကာလမှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်။

---

၃၇ ULA/AA ၏ တရားရေးဝန်ထမ်းဟောင်းတဦးအား မေးမြန်းထားခြင်းဖြစ်သည်။

၃၈ ဒေသခံလူထုများအား မေးမြန်းထားခြင်းဖြစ်သည်။

၃၉ မြောက်ဦးခရိုင်မှ ULA/AA ၏ တရားရေးနှင့် နီးစပ်သူတဦးအား မေးမြန်းထားခြင်းဖြစ်သည်။

၄

# ဘဏ္ဍာရေး

## ၄.၁။ အခွန်ကောက်ခံမှု

ULA/AA ဟာ အုပ်ချုပ်ရေး အခြေချနိုင်လာတဲ့အခါမှာ တော်လှန်ရေးကာလ ရန်ပုံငွေရှာတဲ့ ပုံစံကနေ နိုင်ငံအစိုးရတရပ်သဖွယ် ဘဏ္ဍာရေးအရင်းအမြစ်တွေကို စနစ်တကျ ရှာဖွေစုဆောင်းတဲ့ပုံစံကို ချဉ်းကပ်လာပါတယ်။ အခွန်ဦးစီးဌာနကို သီးခြားဖွဲ့စည်းပြီး အခွန်ကောက်ခံမှုကို အဖွဲ့အစည်းမှုဘောင်ထဲ သွတ်သွင်းနိုင်ခဲ့ပါတယ်။ အရင်က စစ်ရိက္ခာထောက်ပံ့ဖို့ ပြည်သူတွေ ဆန္ဒရှိသလောက် ထည့်ဝင်ရတဲ့ **'အမျိုးသားရန်ပုံငွေ'**အပြင် မဖြစ်မနေ အခွန်ပေးဆောင်ရတဲ့ စနစ်ကိုပါ လည်ပတ်နိုင်ခဲ့ပါတယ်။ ပြည်ပရောက် ရခိုင်လူထုရဲ့ ထောက်ပံ့မှုအားကိုလည်း ရယူခဲ့ပါတယ်။ ဒီလို အခွန်ကောက်ခံမှု စနစ်ကျလာတာက နိုင်ငံရေး တရားဝင်မှုနှင့် အခွန်စည်းကြပ်မှုကို ဟန်ချက်ညီလာစေပါတယ်။

ULA/AA ရဲ့ အခွန်ဌာနကို ဗဟို၊ ခရိုင်၊ မြို့နယ်ဆိုတဲ့ အဆင့်သုံးဆင့်နဲ့ ဖွဲ့စည်းထားပြီး ဗဟိုကနေ အောက်ခြေကို အဆင့်ဆင့်ကွပ်ကဲတဲ့ပုံစံလို့ ဆိုနိုင်ပါတယ်။ ဗဟိုအဆင့်က မူဝါဒချမှတ်တာနဲ့ ကြီးကြပ်ကွပ်ကဲတာကို တာဝန်ယူပါတယ်။ မြို့နယ်အဆင့်မှာ စည်ပင်သာယာရေး၊ စီးပွားရေး၊ ကုန်သွယ်ခွန်တွေကို ကောက်ခံပါတယ်။ အခွန်အမျိုးအစားအနေနဲ့ ရေခွန်၊ မီးလုံခြုံရေးခွန်စတဲ့ မြူနီစီပယ်ခွန်၊ အိမ်ခွန်၊ ဆိုင်ခန်းခွန်စတဲ့ မြို့ပြဝန်ဆောင်မှုဆိုင်ရာ အခွန်တွေအပြင် လုပ်ငန်းခွန်၊ ကုန်သွယ်ခွန်လိုမျိုး စီးပွားရေးအခွန်တွေကိုပါ ကောက်ယူနေပြီ ဖြစ်ပါတယ်။ အင်တာနက်အသုံးပြုဖို့အတွက်လည်း စတားလင့်ခ် အေးဂျင့်တွေဆီက အခွန်ကောက်ခံနေပြီး ဒေသတွင်း ဆက်သွယ်ရေးနဲ့ နည်းပညာကိုပါ စီမံခန့်ခွဲနေတာကို တွေ့ရပါတယ်။

အခွန်နှုန်းထားနဲ့ မူဘောင်တွေကို ဗဟိုကနေချမှတ်ထားတယ်ဆိုပေမဲ့ မြေပြင်အကောင်အထည်ဖော်မှုပိုင်းမှာတော့ ဒေသအလိုက်ကွဲပြားမှုတွေရှိနေပါသေးတယ်။ အခွန်ဌာနအပြင် အခြား ဌာနဆိုင်ရာတွေကလည်း သီးခြား အခွန်ကောက်ခံနေတယ်လို့ ပြည်သူတွေကထင်မြင်

## အခွန်ကောက်ခံမှုနှုန်းထားများ

ULA/AA အနေဖြင့် ရေခွန်၊ မီးခွန်၊ မြူနီစီပယ်ခွန်၊ မီးလုံခြုံရေးခွန်များမှ တလလျှင် **အခွန်ငွေ ကျပ် သန်း ၅၀၀ ခန့်**ရရှိကြောင်း ခန့်မှန်းချက်များရှိသည်။ အင်တာနက်အသုံးပြုခကောက်ခံမှုမှလည်း **ကျပ် သန်း ၁,၀၀၀ ခန့်** ရရှိကြောင်း သိရသည်။ ရရှိလာသော အခွန်များကို စစ်ရေးလိုအပ်ချက်တွင် အများဆုံးဖြည့်ဆည်းသည်ဟု ထင်မြင်ကြသည်။ လမ်းပြင်ခြင်းနှင့် ကျန်းမာရေးကဏ္ဍများတွင်လည်း သုံးစွဲသည်ဟု ရှုမြင်ကြသည်။

| အခွန်အမျိုးအစား | နှုန်းထား |
|---|---|
| အိမ်ခွန် | ၂,၀၀၀ ကျပ် - ၆,၀၀၀ ကျပ် (လစဉ်) |
| ရေခွန် | ၃,၀၀၀ ကျပ် (လစဉ်) |
| မြူနီစီပယ်ခွန် | ၃,၀၀၀ ကျပ် - ၆,၀၀၀ ကျပ် (လစဉ်) |
| မီးလုံခြုံရေးခွန် | ၁,၅၀၀ ကျပ် (လစဉ်) |
| စျေးဆိုင်ခွန် | ၁၀,၀၀၀ ကျပ် - ၃၀,၀၀၀ ကျပ် (လစဉ်) |
| ကုန်သွယ်ခွန် | စုစုပေါင်းတန်ဖိုး၏ သုံးရာခိုင်နှုန်း |
| သစ်နှင့် သစ်အသုံးပြု ပရိဘောဂများ၊<br>ကျွဲ၊ ဝက်၊ နွားများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့မှု | ၁၀ ရာခိုင်နှုန်း - ၃၀ ရာခိုင်နှုန်း |
| စတားလင့်အေးဂျင့် | ၄၅၀,၀၀၀ ကျပ် (လစဉ်) |
| အမျိုးသားရန်ပုံငွေ | သဒ္ဓါကြေး (လစဉ်) |

ဒေတာအချက်အလက် - Myat Hnin Wai. (2024, July 14). Are public tax revenues actually making it into the government's budget? *Border News Agency*. https://bnanews.net/articles/5825/

ကြပါတယ်။[၂၀] ပြေစာဖြတ်ပိုင်းတွေနဲ့ စနစ်တကျ အခွန်ကောက်ခံတာတွေ ရှိသလို ဗဟိုက သတ်မှတ်ထားတဲ့နှုန်းထက် တိုးကောက်တဲ့ မြို့နယ်တွေလည်း ရှိနေပါတယ်။ ကောက်ခံတဲ့ နှုန်းထားတွေ မတူတာ၊ လုံခြုံရေးအကြောင်းပြချက်နဲ့ အခွန်နှုန်းထားကို တရားဝင်ချပြမှုမရှိ တာတွေကိုလျှော့ချပြီး **'အခွန်တပြေးညီဖြစ်စေရေး'**နဲ့ **'ပွင့်လင်းမြင်သာစွာချပြရေး'** လုပ် နိုင်ဖို့ လိုအပ်နေပါတယ်။

## ၄.၂။ စီးပွားရေးလုပ်ငန်းများ

ရခိုင်ဒေသရဲ့ အဓိကစီးပွားရေးလုပ်ငန်းဟာ စိုက်ပျိုးမွေးမြူရေးနဲ့ ရေလုပ်ငန်းတို့ပဲ ဖြစ်ပါ တယ်။ ဒါပေမဲ့ ULA/AA ရဲ့ အုပ်ချုပ်ရေးအောက်မှာ ဒီကဏ္ဍတွေဟာ ထင်သလောက် မတိုး တက်သေးဘဲ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍမှာ ထုတ်လုပ်မှုနဲ့ ဈေးကွက်နှစ်ဖက်စလုံး အကန့်အသတ်တွေ ကြုံနေရပါတယ်။ ရာသီဥတုဖောက်ပြန်မှုနဲ့ ရေကြီးရေလျှံတာတွေ ကြောင့် စပါးစိုက်ပျိုးထုတ်လုပ်ရေးမှာ အခက်ကြုံနေရပါတယ်။ ကုန်သွယ်လမ်းကြောင်း ပိတ်ဆို့မှုတွေရဲ့ နောက်ဆက်တွဲ ဓာတ်မြေဩဇာ၊ စက်ယန္တရားနဲ့ စက်သုံးဆီဈေး မြင့်တက် တာ၊ မျိုးကောင်းမျိုးသန့် ရှားပါးတာ စတဲ့ သွင်းအားစုပြဿနာတွေနဲ့လည်း ရင်ဆိုင်နေရပါ တယ်။ ဒေသထွက်စပါးကို ပြည်တွင်းပြည်ပ ဈေးကွက်တွေအထိ မတင်ပို့နိုင်သေးတဲ့ အတွက် ဒေသတွင်းဖူလုံရုံသာ စိုက်ပျိုးနေရပါတယ်။

ဈေးကွက်ရရှိဖို့ ULA/AA က **'ကုန်သည်ကြီးများအသင်း'**ကို ဖွဲ့စည်းပြီး အိမ်နီးချင်းနိုင်ငံတွေ ကို ဒေသထွက်ကုန်စည်တွေ တင်ပို့ဖို့ ကြိုးစားတာမျိုး ရှိပါတယ်။ ဒါပေမဲ့ စပါးအရည်အသွေး မပြည့်မီတဲ့အတွက် ဝယ်လက်လိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ဘဲ တင်ပို့မှုမအောင်မြင်ခဲ့ပါ ဘူး။ ဒါ့အပြင် တောင်သူတွေက အရည်အသွေးအလိုက် ဈေးနှုန်းခွဲခြားဝယ်ယူတဲ့စနစ်ကို မလိုက်နာတဲ့အတွက်လည်း ထုတ်လုပ်မှုအပိုင်းမှာ လိုအပ်ချက်တွေ ရှိနေပါတယ်။ လက်ရှိ ULA/AA က မျိုးစေ့ထောက်ပံ့တာ၊ ရေနစ်မြုပ်ပျက်စီးမှုတွေအတွက် ထောက်ပံ့ကြေးပေးတာ၊ ပဲ၊ ဖရဲ၊ အာလူး၊ ပြောင်း၊ သခွားစတဲ့ အစားထိုးသီးနှံတွေကို တိုးချဲ့စိုက်ပျိုးစေတာတွေ ရှိပါ တယ်။ ခိုင်မာတဲ့ ဈေးကွက်ချိတ်ဆက်မှု မတည်ဆောက်နိုင်သေးသရွေ့ စိုက်ပျိုးရေးကဏ္ဍရဲ့ ဆုတ်ယုတ်မှုက စိန်ခေါ်ချက်တခုအဖြစ် ရှိနေပါတယ်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း စိုက်ပျိုးရေးနဲ့ အလားတူပါပဲ။ ဒေသတွင်း စားသုံးဖို့ တပိုင်တနိုင် ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ မွေးမြူတာလောက်ပဲ ရှိပါတယ်။ အထူးသဖြင့်

၂၀ Myat Hnin Wai. (2024, July 14). Are public tax revenues actually making it into the government's budget? *Border News Agency*. https://bnanews.net/articles/5825/

## နိုင်ငံတကာဆက်ဆံရေး

ULA/AA သည် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသော အိမ်နီးချင်းနိုင်ငံများနှင့် အကျိုးစီးပွားအခြေခံပြီး လက်တွေ့ကျသော ဆက်ဆံရေးတည်ဆောက်လိုပုံရသည်။ ULA/AA ထိန်းချုပ်နယ်မြေရှိ တရုတ်စီးပွားရေးလုပ်ငန်းများ၏ လုံခြုံရေးကို အာမခံကြောင်း နှစ်ကြိမ်ထက်မနည်း ထုတ်ဖော်ပြောကြားထားသည်။ အိန္ဒိယနိုင်ငံနှင့်ဆက်ဆံရေးတွင် ၎င်းတို့ကို (ကုလားတန်ဘက်စုံသုံးစီမံကိန်းနှင့် စစ်တွေဆိပ်ကမ်းကဲ့သို့ စီမံကိန်းကိစ္စများတွင်) တရားဝင်အာဏာပိုင်အဖြစ် ပြောဆိုဆက်ဆံစေလိုသောဆန္ဒလည်းရှိနေသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ဆက်ဆံရေးတွင် လိုအပ်ချက်ကို အခြေခံ၍ လက်တွေ့ကျသော ချဉ်းကပ်မှုမျိုး တည်ဆောက်လိုပုံရသည်။ နယ်စပ်တလျှောက်ကို ULA/AA က ထိန်းချုပ်ထားသဖြင့် နယ်စပ်စီမံခန့်ခွဲမှု၊ ရိုဟင်ဂျာ ပြန်လည်နေရာချထားရေးနှင့် လုံခြုံရေးကိစ္စများတွင် AA နှင့် တိုက်ရိုက်ဆက်ဆံရန် လိုအပ်နေသည်။ တဖက်တွင်လည်း နယ်စပ်ကုန်သွယ်ရေးနှင့် လုံခြုံရေးကိစ္စများ၌ ULA/AA အနေဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် ပုံမှန်ဆက်ဆံရေး တည်ဆောက်လိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အသစ်ခန့်အပ်ခံရသော နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ခါလီလာရာမန်ထံသို့ ၂၀၂၅ ခုနှစ် ဧပြီလတွင် ဂုဏ်ပြုလွှာပေးအပ်ခြင်းမျိုးကို ULA/AA က လုပ်ဆောင်ခဲ့သည်။ ယခင် ဘင်္ဂလားဒေ့ရှ် အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပေးက AA နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုတည်ဆောက်ရန် တိုက်တွန်းခဲ့ဖူးပြီး AA ဘက်ကလည်း အဆိုပါကမ်းလှမ်းချက်ကို လှိုက်လှိုက်လှဲလှဲကြိုဆိုကြောင်း တုံ့ပြန်ခဲ့သည်။

- ကြက်မွေးမြူရေးမှာ သားပေါက်၊ အစာနဲ့ ဆေးဝါးတွေအတွက် ပြည်ပကို မှီခိုနေရပြီး ရှားပါးတဲ့အတွက် ကိုယ်တိုင်ပြုလုပ်တဲ့ အစားထိုးအစာတွေကို သုံးရပါတယ်။ ဒါကြောင့် ဒေသထွက်ကြက်ဥတွေရဲ့ ထုတ်လုပ်မှုစရိတ်က မြင့်မားနေပြီး အိန္ဒိယက တင်သွင်းတဲ့ ကြက်ဥတွေက ဈေးပိုချိုတာကြောင့် ဈေးကွက်ရရှိမှုက ဒေသတွင်းမှာပါ နည်းပါးနေပါတယ်။ ဥပမာ- ဒေသထွက်ကြက်ဥက တလုံးကို ကျပ် ၁,၀၀၀ လောက်ရှိပေမဲ့ အိန္ဒိယကြက်ဥကတော့ ကျပ် ၅၀၀ လောက်ပဲကျသင့်တဲ့အတွက် ဈေးထက်ဝက်လောက် ကွာနေပါတယ်။ ကမ်းရိုးတန်းဒေသဖြစ်တဲ့အလျောက် အရင်က လုပ်ကိုင်ခဲ့တဲ့ ပုစွန်၊ ငါးနဲ့ ဂဏန်းမွေးမြူရေးလုပ်ငန်းတွေဟာ လုံးဝနီးပါးရပ်တန့်နေပြီး ဒေသတွင်းစားသုံးဖို့ အနည်းငယ်သာ ကျန်ရှိနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့ခဲ့တဲ့ ရေလုပ်ငန်းထွက်ကုန်တွေကလည်း လက်ရှိမှာ ဒေသနှစ်ခုကြား ဆက်ဆံရေးရေချိန်နဲ့ နယ်စပ်ကုန်သွယ်ရေးမတည်ငြိမ်မှုတွေကြောင့် ပုံမှန်မလည်ပတ်နိုင် ဖြစ်နေပါတယ်။ ဒါ့အပြင် ဟိုတယ်နဲ့ ခရီးသွားလာရေး စည်ကားခဲ့တဲ့ ကမ်းခြေဒေသတွေဖြစ်တဲ့ သံတွဲ၊ ဂွ၊ ကျောက်ဖြူနဲ့ စစ်တွေတို့မှာလည်း လုံခြုံရေးအခက်အခဲကြောင့် ဟိုတယ်လုပ်ငန်းတွေ ရပ်တန့်နေဆဲဖြစ်ပါတယ်။ လျှပ်စစ်မီး ပြတ်တောက်မှုကြောင့် အအေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကိုလည်း ရပ်တန့်ထားရပါတယ်။

၅

# လူမှုဝန်ဆောင်မှုလုပ်ငန်းများ

## ၅.၁။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ

ULA/AA က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ စတင်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးနောက်ပိုင်းမှာ အာရက္ခအမျိုးသားပညာရေးဌာနကို စတင်ဖွဲ့စည်းခဲ့ပြီး ‘စစ်ဆင်ရေး ၁၀၂၇’အလွန်မှာ ပိုအားကောင်းလာပါတယ်။ လူ့စွမ်းအားအရင်းအမြစ်အတွက် ဒေသခံအခြေပြု၊ ရပ်ရွာအခြေပြုစနစ်နဲ့ ခန့်အပ်ပါတယ်။ ဒေသခံ ဆရာ၊ ဆရာမတွေကို ခန့်အပ်သလို အခြေခံပညာအဆင့်အောင်မြင်ပြီးသူတွေနဲ့ တက္ကသိုလ်ဘွဲ့ရ လူငယ်တွေကိုလည်း ခန့်ထားပါတယ်။ ဆရာအတတ်သင်ပညာ အရည်အသွေးမြှင့်တင်ဖို့ ဆရာဖြစ်သင်တန်းကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကနေစပြီး ဖွင့်လှစ်ဖို့ ကြိုးစားနေပါတယ်။ ငွေကြေးတတ်နိုင်သူတချို့ကတော့ အာရက္ခပညာရေးစနစ်က ဆရာ၊ ဆရာမတွေရဲ့အရည်အသွေးပိုင်းကို စိုးရိမ်တဲ့အတွက် အတွေ့အကြုံရင့် ဆရာတွေကို သီးသန့်ငှားရမ်းသင်ကြားစေတာကိုလည်း (private tutoring) တွေ့ရပါတယ်။ ကလေးငယ်တိုင်း စာတတ်စေဖို့အတွက် လူမှုစီးပွားအခက်အခဲတွေက ဟန့်တားနေဆဲဖြစ်ပါတယ်။ အထူးသဖြင့် စာရေးကိရိယာနဲ့ သင်ထောက်ကူပစ္စည်းတွေ အဆမတန်ဈေးမြင့်တက်လာတာ၊ ဆရာ၊ ဆရာမတွေအတွက် လစာကို ကျောင်းသားတွေက မျှပြီးကျခံရတာတွေကြောင့် ကလေးတချို့ ပညာရေးနဲ့ အလှမ်းဝေးလာကြပါတယ်။ စားဝတ်နေရေးစရိတ် ကြီးမြင့်ပြီး အလုပ်အကိုင်လည်း ရှားပါးလာပါတယ်။ မရှိဆင်းရဲသားတွေအဖို့ ပညာမသင်ပေးနိုင်တော့ဘဲ ထမင်းနပ်မှန်ဖို့သာ ရုန်းကန်ကြရပါတယ်။ မူလတန်းအဆင့်မှာတင် ကျောင်းထွက်လိုက်ရတဲ့ ကလေးငယ်ဦးရေ များလာပါတယ်။ ၂၀၂၁ ခုနှစ် အာဏာမသိမ်းမီက အခြေခံပညာအဆင့်မှာ ကျောင်းအပ်နှံတဲ့ ကျောင်းသား ၅၃၀,၀၀၀ ကျော် ရှိခဲ့ရာကနေ ၂၀၂၃ ခုနှစ်မှာ ၃၇၀,၀၀၀ ဝန်းကျင်ပဲ ရှိတော့တာကို တွေ့ရပါတယ်။ ၂၀၂၅ ခုနှစ်မှာတော့ သုံးသိန်းဝန်းကျင်ပဲ ရှိပါတော့တယ်။[၂၁]

၂၁ Lin Khine. (2024, June 23). For every child to bloom freely: Rebuilding education in Arakan. *Border News Agency*. https://bnanews.net/articles/5682/

ဒေသတွင်း အဆင့်မြင့်ပညာရေးကိုလည်း တိုးမြှင့်ဖို့ ကြိုးစားလာတာတွေ့ရပါတယ်။ အာရက္ခ ပညာရေးဌာနက အခြေခံပညာအောင်မြင်ပြီးသူတွေ ဆက်တက်နိုင်ဖို့ ပညာရေးကောလိပ်၊ ဆေးသင်တန်းကျောင်း၊ စီးပွားရေးကျောင်းစတဲ့ သက်မွေးမှုဆိုင်ရာ ပညာရပ်ကျောင်းတွေကို ဖွင့်လှစ်ထားပြီး ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ကြိုးစားနေတာတွေ့ရပါတယ်။ ဒါပေမဲ့ အရင်းအမြစ်အကန့်အသတ်နဲ့ အရည်အသွေးလိုအပ်ချက်တွေ များစွာရှိနေပါသေးတယ်။ အခြေခံပညာအဆင့်မှာတင် ကျောင်းထွက်နှုန်းများတဲ့အတွက် ပညာရေးကဏ္ဍမှာ အခမဲ့ပညာသင်ခွင့်မပေးနိုင်ရင် ရေရှည်မှာ ဒေသတွင်း အသိပညာ၊ အတတ်ပညာပိုင်း ကျွမ်းကျင်တဲ့ လူ့စွမ်းအားအရင်းအမြစ် ကွာဟချက်တွေ ပိုများလာနိုင်ပါတယ်။

## ၅.၂။ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ

အာရက္ခကျန်းမာရေးဌာနကို ဗဟို၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်နဲ့ ကျေးလက်ဆိုပြီး အဆင့်ဆင့်ဖွဲ့စည်းထားပေမဲ့ မြေပြင်မှာတော့ တိုက်နယ်နဲ့ ကျေးလက်ကျန်းမာရေးဌာနတွေက ကောင်းကောင်း မလည်ပတ်နိုင်သေးပါဘူး။ စစ်ဘေးရှောင် (IDPs) တွေကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေပေမဲ့ ဒေသအလိုက် အကောင်အထည်ဖော်နိုင်မှု ကွဲပြားနေပါသေးတယ်။ ဝန်ထမ်းအင်အားကို အရင်အစိုးရလက်ထက်က တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေသခံကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်တွေအပြင် အခြားဒေသတွေကရောက်လာတဲ့ CDM ဆရာဝန်တွေနဲ့ပါ ဖြည့်တင်းပါတယ်။ ဝန်ထမ်းလိုအပ်ချက် ဖြည့်စွက်ဖို့အတွက် သားဖွားသင်တန်း၊ ဆေးစပ်သင်တန်းနဲ့ ဆေးဘက်ဆိုင်ရာသင်တန်းကျောင်းတွေကို ဖွင့်လှစ်ထားပြီး **'ဆေးပညာသိပ္ပံ'**အဆင့်ထိ တိုးမြှင့်ဖို့ပြင်ဆင်နေပါတယ်။ အခြေခံအဆောက်အအုံအတွက် ရှိနှင့်ပြီးဖြစ်တဲ့ ဆေးရုံနေရာတွေကို ပြန်အသုံးချပြီး လေကြောင်းတိုက်ခိုက်မှုရန်က ကာကွယ်ဖို့ **'ရွေ့လျားဆေးကုသခန်း'** (mobile clinics) တွေနဲ့လည်း ဝန်ဆောင်မှုပေးပါတယ်။ ဒါပေမဲ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာမှာ မြောက်ဦးပြည်သူ့ဆေးရုံကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်လိုက်တာကြောင့် အာရက္ခကျန်းမာရေးကဏ္ဍမှာ ထိခိုက်နစ်နာမှု ကြီးခဲ့ပါတယ်။

ကျန်းမာရေးဝန်ဆောင်မှုမှာလည်း ဖွဲ့စည်းပုံပြည့်စုံပေမဲ့ လက်တွေ့မှာ လုံလုံလောက်လောက် မထောက်ပံ့နိုင်သေးပါဘူး။ ကျန်းမာရေးဝန်ထမ်းတွေအတွက် ပုံမှန်လစာအစား ဆန်၊ ဆီ၊ ဆား၊ ငရုတ်လို အခြေခံစားသောက်ကုန်တွေကိုပဲ ထောက်ပံ့ပေးနိုင်သေးတာ တွေ့ရပါတယ်။ လူနာတွေအတွက် လိုအပ်တဲ့ ဆေးဝါးတွေကို တင်သွင်းရောင်းချပြီး ရလာတဲ့ အမြတ်ငွေကို လစာအတွက် ဝန်ထမ်းတွေက ခွဲဝေယူကြရပါတယ်။ ပျမ်းမျှအားဖြင့် တလ

ကို ကျပ်နှစ်သိန်းဝန်းကျင်ရရှိတယ်လို့ ဆိုကြပါတယ်။[၂၂] ဒါကလည်း မြို့နယ်အလိုက် ကွာခြားပြီး တူညီတဲ့ စံသတ်မှတ်ချက် မရှိပါဘူး။ လိုအပ်တဲ့ဆေးဝါးနဲ့ ကာကွယ်ဆေးတွေကို အိမ်နီးချင်း အိန္ဒိယနိုင်ငံကနေ နယ်စပ်ဖြတ်ကျော် တင်သွင်းကြပါတယ်။ ကလေးငယ်တွေအတွက် ကာကွယ်ဆေးနဲ့ ငှက်ဖျားကာကွယ်ဆေးတွေ ထောက်ပံ့နိုင်နေပြီဖြစ်ပေမဲ့ လွှမ်းခြုံနိုင်မှုနဲ့ လက်လှမ်းမီမှုမှာ အကန့်အသတ်တွေ ရှိနေပါသေးတယ်။

**'ဝါသနာအလိုက် အမျိုးသားရေးစိတ်နဲ့ ဝင်လုပ်နေကြတာပဲ'**လို့ ကျန်းမာရေးဌာနမှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သူနာပြုတဦးကပြောပါတယ်။ လုပ်ခလစာအတွက် သူတို့တတ်နိုင်တာတွေနဲ့ စုပေါင်းဖြေရှင်းကြပေမဲ့ စားဝတ်နေရေးအတွက် မလောက်ငှတာအပြင် လုံခြုံရေးအတွက် အာမခံချက်လည်း မပေးနိုင်ပါဘူး။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်းဟောင်းတချို့ဟာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတွေမှာပဲ ဝင်ရောက်လုပ်ကိုင်ကြပါတယ်။ ကြီးမားတဲ့ကျန်းမာရေးပြဿနာတွေကို ကိုင်တွယ်နိုင်မယ့် အထူးကုဆရာဝန် လိုအပ်ချက်ကလည်း ကြီးပါတယ်။ သယ်ယူပို့ဆောင်ရေးစရိတ် ကြီးမားတဲ့အတွက် ဆေးဝါးအခက်အခဲနဲ့ ကုန်ဈေးနှုန်းကြီးမားမှုတွေကလည်း ပြည်သူတွေကို ကျန်းမာရေးဝန်ဆောင်မှု အလွယ်တကူရရှိနိုင်ဖို့ ဟန့်တားနေပါတယ်။

၂၂ လက်ရှိ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းတဦးအား မေးမြန်းထားခြင်းဖြစ်သည်။

၆

# အမျိုးသမီးများအပေါ် သက်ရောက်မှု

အာရက္ခဒေသက အမျိုးသမီးတွေဟာ ငြိမ်းချမ်းရေးနဲ့ အုပ်ချုပ်ရေးဖြစ်စဉ်တွေမှာ ပါဝင်ခွင့်ရတာ နည်းပါတယ်။ လုံခြုံရေးရှုထောင့်ကကြည့်ရင်လည်း **'အကာအကွယ်ပေးရေးနှင့် ကာကွယ်တားဆီးရေး'** (protection and prevention) ပိုင်းမှာ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ အထူးသဖြင့် တရားစီရင်ရေးစနစ် အားနည်းတာကြောင့် အမျိုးသမီးတွေဟာ လိင်အကြမ်းဖက်မှုနဲ့ လုံခြုံရေးပြဿနာတွေရဲ့ သားကောင်လို ဖြစ်နေပါတယ်။ ရိက္ခာ၊ နေရာထိုင်ခင်း မလုံလောက်တဲ့အခါ အမျိုးသမီးတွေအပေါ်ကျူးလွန်တဲ့ မုဒိမ်းမှုတွေအတွက် ပြစ်ဒဏ်လျှော့ပေါ့တာ၊ အာမခံနဲ့လွှတ်ပေးတာတွေ ရှိလာပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ပိုင်း မလုံလောက်တာကြောင့်လည်း လူစိတ်ဝင်စားခံရမှုများတဲ့ ပြစ်မှုတွေလောက်ပဲ အဓိကထား ဖြေရှင်းပေးနိုင်ပါတယ်။ တချို့မုဒိမ်းမှုတွေမှာ တရားခံကို ပြစ်မှုကျူးလွန်တုန်း ဖမ်းဆီးမိပြီး လက်ရောက်လာအပ်ပေမဲ့ အချုပ်ခန်းကနေ လွတ်မြောက်သွားတဲ့ဖြစ်စဉ်တွေ ရှိနေပါတယ်။[၂၃] ဒါက **'ပြစ်ဒဏ်ကင်းလွတ်ခွင့်'**ကို သွယ်ဝိုက်အားပေးရာရောက်ပြီး မုဒိမ်းမှုတွေနဲ့ လိင်အကြမ်းဖက်မှုတွေရဲ့ ပြစ်မှုကြီးလေးမှုကို လျှော့ကျသွားစေတဲ့အတွက် လူ့အဖွဲ့အစည်းအတွင်းမှာ ပုံမှန်ကိစ္စတခုလို ဖြစ်စေပါတယ်။

အမျိုးသမီးတွေရဲ့ နေ့စဉ်လူမှုဘဝမှာ သက်ရောက်မှုကြီးတဲ့ နောက်ထပ် အကြောင်းအရာတခုကတော့ မဖြစ်မနေ စစ်မှုထမ်းရတဲ့ပြဿနာဖြစ်ပါတယ်။ **'အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အရေးပေါ် ပြဋ္ဌာန်းချက်'** ကို ULA/AA က ၂၀၂၅ ခုနှစ် မတ်လမှာ ထုတ်ပြန်ထားပြီး အနည်းဆုံး တအိမ်တယောက် စစ်မှုထမ်းစေပါတယ်။ မိသားစုစားဝတ်နေရေးအတွက် အဓိကဝင်ငွေရှာပေးနိုင်တဲ့ အမျိုးသားတွေ စစ်မှုထမ်းရတဲ့အခါ အိမ်ကိစ္စအဝဝကို အမျိုးသမီးတွေက မနိုင်ဝန်ထမ်းရပါတယ်။ ငွေရှာနိုင်တဲ့ သန်သန်မာမာအမျိုးသားတွေ စစ်မှုမထမ်းရဖို့ လူငယ်အမျိုးသမီးတွေ၊ အိမ်ထောင်သည်အမျိုးသမီးတွေက ကိုယ်စားဝင်ပြီး

၂၃ Western News. (2025, July 7). မြေပုံအမျိုးသမီးငယ်အား အဓမ္မပြုကျင့်ရန်ကြံစည်မှုကျူးလွန်သူကို ကျေးရွာအုပ်ချုပ်ရေးမှူးက အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံချက်ပေးခဲ့ဟုဆို။ https://www.facebook.com/share/p/18iiJC9dyy/

- စစ်မှုထမ်းသင်တန်း တက်ရောက်ကြရတာတွေလည်း ရှိပါတယ်။ ဒါကြောင့် စစ်မှုထမ်းပြဌာန်းချက်ကလည်း အမျိုးသမီးတွေရဲ့ လူမှုစီးပွားဘဝကို အများကြီး ရိုက်ခတ်လာစေပါတယ်။ ဒါ့အပြင် လူသားချင်းစာနာမှု အကျပ်အတည်းတွေကလည်း အမျိုးသမီးတွေအပေါ် ပိုအထိနာစေပါတယ်။ ရခိုင်ပြည်နယ်မှာ စစ်ဘေးရှောင်ဦးရေ ၅၅၀,၀၀၀ ဝန်းကျင်ရှိပြီး ၅၇ ရာခိုင်နှုန်းက အမျိုးသမီးတွေဖြစ်ကြပါတယ်။ စစ်ရှောင်စခန်းတွေမှာ အမျိုးသမီးတွေအတွက် အိမ်သာ၊ ရေချိုးခန်းစတာတွေကို သီးသန့်စီစဉ်မပေးနိုင်တာကြောင့် လုံခြုံမှုလျော့နည်းနေပါတယ်။ ဒါ့အပြင် ကျန်းမာရေးစောင့်ရှောက်မှု အားမကောင်းတဲ့အတွက် အမျိုးသမီးတွေရဲ့ တကိုယ်ရေသန့်ရှင်းရေး အားနည်းပြီး ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်တွေဟာ အာဟာရ မမျှတမှုတွေ ကြုံနေရပါတယ်။ သန္ဓေတားဆေးနဲ့ သားဆက်ခြားဝန်ဆောင်မှုတွေကို လက်လှမ်းမမီတဲ့ အခက်အခဲတွေလည်း ရှိနေပါတယ်။

ဒီလို လုံခြုံရေးနဲ့ တရားစီရင်ရေးအားနည်းမှု၊ လူသားစာနာအခက်အခဲနဲ့ လူမှုစီးပွားရိုက်ခတ်မှုတွေကြောင့် ရခိုင်ဒေသမှာရှိတဲ့ အမျိုးသမီးတွေက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ULA/AA ဟာ နယ်မြေစိုးမိုးမှု အားကောင်းလာပြီး အုပ်ချုပ်ရေးစနစ် ပိုမိုခိုင်မာလာပေမဲ့ အမျိုးသမီးထုလုံခြုံရေးနဲ့ လုပ်ပိုင်ခွင့်အပိုင်းတွေမှာ လိုအပ်ချက်နဲ့ စိန်ခေါ်မှုတွေကျန်ရှိနေဆဲဖြစ်ပါတယ်။ ဒါ့အပြင် အုပ်ချုပ်ရေးစနစ်ကို ဝေဖန်ထောက်ပြတဲ့ အမျိုးသမီးတွေကို ပြင်းပြင်းထန်ထန် အရေးယူတာတွေကြောင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်စေတဲ့အပြင် အမျိုးသမီးတွေရဲ့ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးမှာ ပါဝင်ခွင့်တွေကို နောက်ကြောင်းပြန်စေတဲ့ အခြေအနေတွေ ဖြစ်စေပါတယ်။[၂၄]

၂၄ Development Media Group. (2025, July 30). မင်းပြား မြေယာအငြင်းပွားမှုတွင် ဒေသခံ ၁၁ ဦးကို ၅၀၅ အပါ ပုဒ်မ ၄ ခုဖြင့် ULA/AA အမှုဖွင့်ထား https://www.dmgburmese.com/သတင်း/modws.html

# ၇

# အုပ်ချုပ်ရေးယန္တရားအပေါ် လူထု၏ အကဲဖြတ်ချက်

အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်မှုကို ဒေသခံအချို့နဲ့ မေးမြန်းမှုကတဆင့် သုံးသပ်ထားပါတယ်။ **'ဒေသအလိုက် အချိုးမညီသော အင်စတီကျူးရှင်းတည်ဆောက်မှု'**ကို တွေ့ရပါတယ်။ ခရိုင်အများစုမှာ လုံခြုံရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေ အားကောင်းနေပါတယ်။ အရပ်ဘက်အုပ်ချုပ်ရေးမှာ ခရိုင် ရှစ်ခုထဲက ခြောက်ခုမှာ အခြေကျလည်ပတ်နေပြီလို့ သုံးသပ်နိုင်ပါတယ်။ အထူးသဖြင့် မြောက်ဦးခရိုင်မှာဆိုရင် အုပ်ချုပ်ရေး၊ လုံခြုံရေးနဲ့ တရားစီရင်ရေး၊ အခွန်ဘဏ္ဍာရေးနဲ့ ကျန်းမာရေး စတဲ့ ကဏ္ဍတွေမှာ အားကောင်းပါတယ်။ ဒါပေမဲ့ ကျန်းမာရေး၊ ပညာရေးစတဲ့ အခြေခံလူမှုဝန်ဆောင်မှုတွေနဲ့ပတ်သက်ပြီး ခရိုင်အများစုမှာ အားနည်းနေဆဲဖြစ်တာ ပေါ်လွင်နေပါတယ်။


ဒါ့အပြင် လက်တွေ့အခြေအနေမှာ ပြည်သူလူထုအနေနဲ့ အုပ်ချုပ်ရေးယန္တရားတွေကို လက်လှမ်းမီဖို့ အခက်အခဲတွေ ရှိနေပါတယ်။ အထူးသဖြင့် မြန်မာစစ်တပ်ရဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အုပ်ချုပ်ရေးရုံးတွေ မကြာခဏ ရွှေ့နေရတဲ့အခါ နေရာအတည်တကျ မရှိတဲ့အတွက် ပြည်သူတွေအဖို့ ဝန်ဆောင်မှုရယူဖို့ အဓိကအဟန့်အတား ဖြစ်စေပါတယ်။ အင်တာနက်နဲ့ ဖုန်းလိုင်းစတဲ့ ဆက်သွယ်ရေးယန္တရားတွေ ပြတ်တောက်နေတဲ့အတွက် ပြည်သူလူထုဟာ **'မျက်စိပိတ်၊ နားပိတ်'**အခြေအနေမျိုးကို ကြုံတွေ့နေရပါတယ်။[၂၅] ရုံးတည်နေရာတွေကို ဖုန်းနဲ့ ကြိုတင်စုံစမ်းလို့မရနိုင်တာ၊ သွားလာစရိတ် အဆမတန်ကြီးနေတဲ့အတွက် လိုအပ်သလို သွားရောက်နိုင်စွမ်းမရှိတာ၊ ရုံးဌာနတွေရှာမတွေ့ဘဲ လှဲပြောင်းခံရတာတွေကြောင့် ပြည်သူတွေဟာ အချိန်နဲ့ ငွေကုန်မှုတွေ ကြုံနေရပါတယ်။ ဒါတွေဟာ ပြည်သူတွေအကြား အကြောက်တရားနဲ့ စိတ်ပိုင်းဆိုင်ရာမလုံခြုံမှုတွေ ကြီးထွားစေပါတယ်။ ULA/AA အနေနဲ့ ထိန်းချုပ်နယ်မြေကျယ်ပြန့်လာတာနဲ့အမျှ ဝန်ဆောင်မှုပေးနိုင်စွမ်း မြှင့်တင်ရာမှာ ဒေသအလိုက် ညီတူမျှတူအားကောင်းစေရေးသာမက လူထုရဲ့ သတင်းအချက်အလက်နဲ့ ဝန်ဆောင်မှု လက်လှမ်းမီခွင့်ကိုပါ ထည့်သွင်းစဉ်းစားအဖြေရှာဖို့ လိုနေပါတယ်။

---

၂၅ ဒေသခံတဦးအား မေးမြန်းထားခြင်းဖြစ်သည်။

# ဒေသအလိုက် အင်စတီကျူးရှင်း တည်ဆောက်မှုအခြေအနေ

ဒေသအလိုက် အင်စတီကျူးရှင်းတည်ဆောက်မှုအဖြစ် အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားစီရင်ရေး၊ အခွန်ကောက်ခံမှု၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့ကို **အဆင့်ငါးဆင့်**ခွဲ၍ (အဆင့် ၁ - မရှိပါ။ အဆင့် ၂ - ရှိသော်လည်း အတော်အားနည်းသည်။ အဆင့် ၃ - ရှိသော်လည်း အားနည်းသည်။ အဆင့် ၄ - ရှိသော်လည်း အတန်အသင့်အားကောင်းသည်။ အဆင့် ၅ - ရှိသော်လည်း အတော်အားကောင်းသည်) လေ့လာသည့်အခါ အချိုးမညီမှုကို တွေ့ရသည်။ လုံခြုံရေးနှင့် တရားစီရင်ရေးကဏ္ဍသည် ခရိုင်အများစုတွင် အားကောင်းနေပြီး အရပ်ဘက်အုပ်ချုပ်ရေးတွင်လည်း **ခရိုင် ရှစ်ခုအနက် ခြောက်ခုမှာ** အခြေကျလည်ပတ်နေသည်။ အထူးသဖြင့် မြောက်ဦးခရိုင်တွင် အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားစီရင်ရေး၊ အခွန်ဘဏ္ဍာရေးနှင့် ကျန်းမာရေးဟူသော အဓိကကဏ္ဍလေးရပ်လုံးတွင် အပြည့်အဝနီးပါး ပံ့ပိုးပေးနိုင်သည်ကို တွေ့ရသည်။




**ဒေတာအချက်အလက် - ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကနေ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း။** ULA/AA၏ အုပ်ချုပ်ရေး ဖြန့်ကြက်တည်ဆောက်နေမှုကို သိရှိရန် ခရိုင်တခုဆီက အနည်းဆုံးဒေသခံတဦးနှင့် တွေ့ဆုံမေးမြန်းကာ အကြမ်းဖျင်း တွက်ချက်ထားခြင်းဖြစ်သည်။ ဖြေဆိုချက်များကို အခြေခံ၍ ဒေသခံသုတေသီနှင့် တိုင်ပင်ဆွေးနွေးကာ အဆင့်သတ်မှတ်ပါသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ခရိုင်တခုလုံး ခြုံလွှမ်းနိုင်မှု အကန့်အသတ်ရှိပါသည်။

## ၈

# နိဂုံး

ULA/AA အနေနဲ့ စစ်ရေးအောင်မြင်မှုကို အုပ်ချုပ်ရေး၊ လုံခြုံရေး၊ တရားစီရင်ရေးနဲ့ အခြေခံလူမှုဝန်ဆောင်မှုတွေကို ပေးအပ်နိုင်တဲ့ အုပ်ချုပ်ရေးယန္တရားတခုအဖြစ် ပေးထားချက်တွေအကြား အဆင့်ဆင့် တဖြည်းဖြည်း တည်ဆောက်နေတာကို တွေ့နိုင်ပါတယ်။ စိန်ခေါ်မှုတွေ ရှိနေသလို ခိုင်မာတဲ့ အင်စတီကျူးရှင်းစနစ်တခုအဖြစ် သိသာထင်ရှားစွာ ပုံပေါ်လာနေပါတယ်။ ထူးခြားတာက ULA/AA က ကိုင်စွဲထားတဲ့ **'ရက္ခိတလမ်းစဉ်'** (The Way of Rakkh-ita) ဟာ ပြည်သူလူထုရဲ့ ယုံကြည်အားကိုးမှုကို အခိုင်အမာရရှိထားတဲ့ နိုင်ငံရေးအခြေခံ အုတ်မြစ်အဖြစ် ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် **'အုပ်ချုပ်ရေး'**ကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ယေဘုယျလက်ခံထားတဲ့ လူမှုဝန်ဆောင်မှုတွေ ပေးအပ်တာ၊ တရားဝင်တာ၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးစတဲ့ အတိုင်းအတာတွေထက် ပိုမိုကျယ်ပြန့်တဲ့ သဘောတရားတွေ ပါဝင်နေပါတယ်။ အထက်ကနေအောက်ကို တဖက်သတ် ပုံသေကားကျ အုပ်ချုပ်ရေးစနစ် တည်ဆောက်တာမျိုးမဟုတ်ဘဲ အုပ်ချုပ်သူနဲ့ လူထုက **'အတူတကွ အဓိပ္ပာယ်ဖွင့်ဆိုပုံဖော်ခြင်း'** (shared meaning-making) ဆိုတဲ့သဘောမျိုး ပါဝင်နေပါတယ်။ ဒါကြောင့် လက်ရှိဖော်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေဟာ အုပ်ချုပ်ရေးယန္တရား အပြောင်းအလဲသက်သက်အတွက်မဟုတ်ဘဲ ရခိုင်ဒေသအတွင်း နိုင်ငံရေးနဲ့ လူမှုရေးအခင်းအကျင်းသစ် (new political and social orders) တည်ဆောက်နေတာလို့ သုံးသပ်နိုင်ပါတယ်။ ULA/AA နဲ့ လူထုအကြား **'လူမှုပဋိညာဉ်'** ခိုင်မာအားကောင်းခြင်းကလည်း အုပ်ချုပ်ရေးယန္တရားတည်ဆောက်နိုင်မှုကို အထောက်အပံ့ ဖြစ်စေပါတယ်။

အုပ်ချုပ်ရေးပုံစံက ဗဟိုချုပ်ကိုင်မှုအားကောင်းတဲ့ တပါတီစနစ်အပေါ် အခြေခံပြီး ပါတီ၊ စစ်တပ်နဲ့ အုပ်ချုပ်ရေးယန္တရားတွေကို တသားတည်းပေါင်းစည်းထားတဲ့ **'ပါတီအခြေပြု နိုင်ငံတည်ဆောက်ရေးပုံစံ'**ကို ကျင့်သုံးနေပါတယ်။ ဒါပေမဲ့ လက်တွေ့အကောင်အထည်ဖော်မှုမှာ စစ်ဘက်လွှမ်းမိုးတဲ့အုပ်ချုပ်ရေးကနေ စစ်ဘက်-အရပ်ဘက်ယန္တရားကို တဖြည်းဖြည်း ကူးပြောင်းနေတဲ့လက္ခဏာ တွေ့ရပါတယ်။ ဒေသန္တရအဆင့်တွေမှာ ဗဟိုကခန့်အပ်မှုနဲ့ လူထုပါဝင်မှုကို ပေါင်းစပ်အသုံးပြုတာ၊ ဝန်ထမ်းဟောင်းတွေနဲ့ CDM တွေကို မဟာဗျူဟာ

မြောက် ပေါင်းစည်းအသုံးချတာနဲ့ လူငယ်ပညာတတ်တွေ၊ လူထုအကြား ထင်ပေါ်ကျော်ကြားသူတွေအပြင် သက်ဆိုင်ရာနယ်ပယ်အလိုက် အောင်မြင်သူတွေကို စုစည်းနိုင်စွမ်းရှိတာက အုပ်ချုပ်ရေးစွမ်းဆောင်ရည် အားကောင်းဖို့အတွက် **'လက်တွေ့ကျတဲ့ ဗျူရိုကရေစီချဉ်းကပ်မှု'**အဖြစ် ရှုမြင်နိုင်ပါတယ်။

အင်စတီကျူးရှင်းစနစ်ကိုသုံးသပ်ရရင် ULA/AA ရဲ့ ယန္တရားဟာ **'တည်ဆောက်ဆဲ အကူးအပြောင်းကာလ'**လို့ ဆိုချင်ပါတယ်။ အုပ်ချုပ်ရေးနဲ့ လုံခြုံရေးကဏ္ဍတွေမှာ ဖွဲ့စည်းပုံနဲ့ အာဏာခွဲဝေမှုတွေရှိပေမဲ့ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေမှာ စည်းမျဉ်းအခြေပြုစနစ် ခိုင်မာမှုမရှိသေးတာက အကန့်အသတ်ရှိနေပါတယ်။ တရားရေးမှာ ပွင့်လင်းမြင်သာမှုအားနည်းတာ၊ တရားစီရင်ရေးစွမ်းရည်နဲ့ အရင်းအမြစ်ကန့်သတ်ချက်တွေအပြင် လုံခြုံရေးအဖွဲ့အစည်းအပေါ် စစ်ဘက်လွှမ်းမိုးမှုတွေ ဆက်လက်တည်ရှိနေတာက အင်စတီကျူးရှင်းစနစ် ခိုင်မာဖို့အတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်နေပါတယ်။

အင်စတီကျူးရှင်းတည်ဆောက်ရာမှာ **'အာရက္ခအမျိုးသားရေးဝါဒ'** (Arakanese Nationalism)က အခြေခံအုတ်မြစ်အဖြစ် ရှိနေပါတယ်။ ULA/AA အနေနဲ့ နိုင်ငံရေးတရားဝင်မှု

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ULA/AA သည် ၎င်းတို့၏ အန္တိမနိုင်ငံရေးရည်မှန်းချက်အပေါ် ပြက်ပြက်ထင်ထင် ပြောဆိုခြင်းကို မဟာဗျူဟာမြောက် ရှောင်ရှားလေ့ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း အလားတူပင်ဖြစ်သည်။ လက်ရှိအခြေအနေတွင် နယ်မြေအများစုကို ထိန်းချုပ်ထားသည့်နည်းတူ ရခိုင်လူထု၏ ယုံကြည်အားကိုးမှုကိုလည်းရထားသည်။ ထိုအခြေအနေက ငြိမ်းချမ်းရေး၊ သို့မဟုတ် အပစ်ရပ်စဲရေးအတွက် ပြောဆိုဆွေးနွေးရာတွင် အားသာချက်တခု ဖြစ်နိုင်သည်။ ထို့ကြောင့် နေပြည်တော်မှ ငြိမ်းချမ်းရေးစကား ကမ်းလှမ်းလာပါက လက်ရှိထိန်းချုပ်နယ်မြေများ အသိအမှတ်ပြုပေးရေး၊ ပြည်နယ်ရဲတပ်ဖွဲ့အဆင့်ထက်ပိုသော အုပ်ချုပ်ရေးယန္တရားကို စိတ်ကြိုက် တည်ဆောက်လည်ပတ်နိုင်ရေးထက် မနိမ့်သည့် တောင်းဆိုချက်များ ရှေ့တန်းရောက်လာနိုင်သည်။ သို့ရာတွင် ရခိုင်လူထုအတွင်း ပိုမိုဆိုးရွားလာသည့် လူမှုစီးပွားအခက်အခဲများလည်း ရှိနေသည်။ ယခင်က အပစ်ရပ်သဘောတူညီချက်များ ပျက်ပြယ်ခဲ့ဖူးသော သမိုင်းအတွေ့အကြုံရှိခဲ့သဖြင့် နေပြည်တော်အပေါ် သံသယရှိနေဆဲဖြစ်သည်။ အခြားတဖက်တွင်လည်း ရှမ်းမြောက်မှ EAOs များနှင့်မတူသည့်တိုင် တရုတ်နိုင်ငံ၏ ဖိအားပေးမှုကိုလည်း ရင်ဆိုင်ရနိုင်ဖွယ်ရှိပြီး အခြေအနေ တခုချင်းစီအရ တရုတ်ကြားခံမှုဖြင့် ဆောင်ရွက်သော လုပ်ငန်းစဉ်များလည်း ရှိလာနိုင်သည်။

(political legitimacy) ကို တည်ဆောက်တဲ့အခါ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလူထုအကြား အပြန်အလှန်ယုံကြည်မှုနဲ့ တာဝန်ယူမှုကို အခြေပြုခဲ့ပါတယ်။ အဲဒီကတဆင့် ပြည်သူ့လုံခြုံမှုနဲ့ အခြေခံဝန်ဆောင်မှုတွေပေးအပ်နိုင်တဲ့ စွမ်းဆောင်နိုင်ရည်ကိုလည်း ကနဦးမှာ ဟန်ချက်ညီညီ ပေါင်းစပ်အသုံးချနိုင်ခဲ့ပါတယ်။ နယ်မြေစိုးမိုးမှုအတိုင်းအတာ လျင်လျင်မြန်မြန် ကျယ်ပြန့်လာတဲ့နောက်မှာတော့ မျှော်လင့်ချက်ကြီးတဲ့ လူထုနဲ့ အဖွဲ့အစည်းက ပေးနိုင်တဲ့ လက်တွေ့ဝန်ဆောင်မှုတွေအကြားမှာ ကြီးမားတဲ့ **‘စွမ်းဆောင်ရည်ကွာဟချက်’** ရှိလာပါတယ်။ အထူးသဖြင့် တရားစီရင်ရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ စွမ်းဆောင်ရည် အကန့်အသတ်ရှိတာ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကို ထိထိရောက်ရောက် ဟန့်တားအရေးယူနိုင်မှု အားနည်းတာ၊ အမျိုးသမီးတွေအတွက် လုံခြုံရေးပေးနိုင်စွမ်း မရှိတာအပြင် လူမှုဝန်ဆောင်မှုကဏ္ဍတွေမှာ ကြုံတွေ့လာရတဲ့ အကျပ်အတည်းတွေကြောင့် တည်ဆောက်ဆဲ အုပ်ချုပ်ရေးယန္တရားရဲ့ **‘လုပ်ရည်ကိုင်ရည်အရ တရားဝင်မှု’**ဟာ ရေရှည်မှာ ခြိမ်းခြောက်ခံလာရနိုင်ပါတယ်။ ကြီးကြီးမားမား သက်ရောက်မှုအနေနဲ့ လူမှုဝန်ဆောင်မှုနဲ့ လူမှုစီးပွားဆိုင်ရာ အကျပ်အတည်းတွေကို အချိန်မီ ထိန်းကျောင်းဖြေရှင်းနိုင်ခြင်းမရှိရင် လုပ်ရည်ကိုင်ရည် ကျဆင်းမှုကတဆင့် ULA/AA ရဲ့ တော်လှန်ရေးနဲ့ နိုင်ငံရေးရည်မှန်းချက်တွေအပေါ် မေးခွန်းထုတ်လာနိုင်ပါတယ်။ လူမှုပဋိညာဉ်ပျက်ယွင်းမှု ကြုံတွေ့လာနိုင်သလို **‘တရားဝင်မှုလျော့ကျခြင်းသံသရာ’** (legitimacy crisis) ဝဲဩဃထဲကိုလည်း သက်ဆင်းသွားနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ လက်ရှိနိုင်ငံရေးပဋိပက္ခ အခင်းအကျင်းမှာ ULA/AA ဟာ နယ်မြေနဲ့ အုပ်ချုပ်ရေးယန္တရားကို ဆက်လက်ချဲ့ထွင်နိုင်တဲ့ အခွင့်အလမ်းတွေ ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့ စစ်ရေးမတည်ငြိမ်တာ၊ အရင်းအမြစ်ရှားပါးတာ၊ စွမ်းဆောင်ရည်နဲ့ လုပ်ကိုင်နိုင်စွမ်း ကန့်သတ်ချက်တွေကြောင့် ရေရှည်တည်တံ့တဲ့ အစိုးရတရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့ရာ ကြီးမားတဲ့စိန်ခေါ်မှုတွေ ရှိနေပါတယ်။ ဒါကြောင့် တော်လှန်ရေးအဖွဲ့အစည်းအဆင့်ကနေ မြေပြင်အုပ်ချုပ်သူအစိုးရအဆင့်ကို ကူးပြောင်းနေတဲ့ကာလမှာ အင်စတီကျူးရှင်းစနစ် ခိုင်မာအားကောင်းမှု၊ လုံခြုံထိရောက်တဲ့ အုပ်ချုပ်ရေးနဲ့ လူမှုဝန်ဆောင်မှုပေးရေးတို့က ULA/AA ရဲ့ ရေရှည် နိုင်ငံတည်ဆောက်ရေးမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအုတ်မြစ်တွေအဖြစ် ရှိနေပါတယ်။ ■

+66 807 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.
info@ISPMyanmar.com | www.ISPMyanmar.com